
mgyoe.com SAMPLE BOOK




မောင်ဝဏ္ဏ

# လုပါတယ်မသိက

စတုတ္ထအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK



မောင်ဝဏ္ဏ

# လုပါတယ်မသီတာ

ISBN 9789997138033
MMN20
9 789997 138033
MMK 11,000.00

MMCL WORKSHOP

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# လှပါတယ် မသီတာ

## မောင်ဝဏ္ဏ

စတုတ္ထအကြိမ်၊ ၂၀၂၄

mgyoe.com

mgyoe.com SAMPLE BOOK

၈၉၅.၈၃

ဝဏ္ဏ၊ မောင်

လုပါတယ် မသိတာ / မောင်ဝဏ္ဏ။

-- ၄ ကြိမ်။ -- ရန်ကုန်။ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၂၀၂၅။

၂၆၀ စာ၊ ၁၉ စင်တီ။

၁။ မြန်မာဝတ္ထု

(၁) လုပါတယ် မသိတာ

---

မျက်နှာဖုံးပန်းချီ - ဝါန

ဒီဇိုင်း - NNNCL WORKSHOP

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်။

ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။

၂၀၂၅၊ နိုဝင်ဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀

ပုဂံစာအုပ်တိုက်၏ ဒုတိယအကြိမ်မှူ။

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK



ဆရာဝန်ဆိုလို့ အထင်မကြီးလိုက်ပါနှင့်။

တစ်ဖက်ကလှည့်တွေးပြီး အထင်ကြီးချင်လည်း ကြီးနိုင်ပါသည်။

သူက တောဆရာဝန်ပါ။

တောဆို၍ ဝေးဝေးလံလံ သီခေါင်သောနေရာဟူ၍လည်း မထင်ပါနှင့်၊ ရန်ကုန်နှင့် ၁၇ မိုင်လောက်သာဝေးသည့် ရွာကလေးပါပဲ။

ရွာနာမည်က သုံးခွတဲ့။

သုံးခွရှေ့နားသွားလိုက်လျှင် လေးထောင့်ကန်ဆိုတဲ့ ရွာကြီးရှိသည်။ သုံးခွမရောက်ခင် သည်ဘက်မှာက ရွာသာကြီး။

ရွာသာကြီးမှာ စီမံကိန်းတွေရှိသည်။ စည်သွတ်စက်၊ အုတ်စက် အစရှိသည့် စက်ရုံကြီးတွေ၊ ပြီးတော့ လယ်ယာစိုက်ပျိုးရေးဌာနက စိုက်ခင်းတွေ။

ရွာသာကြီးစီမံကိန်းက တရိပ်ရိပ် တိုးတက်နေသည်။ အမှုထမ်း အရာထမ်းများ လာရောက်နေထိုင်ကြသည်။ အဲဒီအနီးအနားတစ်ဝိုက်မှာ ရန်ကုန်၊ တောင်ဥက္ကလာ၊ သဃ်္ဃန်းကျွန်းဘက်က လူတချို့ မြေကွက်တွေ ဝယ်ထားကြသည်။

ဝယ်စကတော့ ဈေးချိုသည်။ ငွေ လေးငါးရာ–တစ်ထောင်ဆိုလျှင်

mgyoe.com

mgyoe.com
SAMPLE BOOK


ပေ ၁၀၀၊ ပေ ၅၀ အကွက်တစ်ကွက်လောက် ရနိုင်သည်။ နောက် တဖြည်းဖြည်းတော့ ဈေးတက်လာသည်။ ဤသည်တို့ကို ဒေါက်တာ အောင်သော် သိပ်စိတ်မဝင်စားနိုင်ပါ။

အချို့ကတော့ ပြောသည်၊ ထိုအနီးနားတစ်ဝိုက် အိမ်တစ်လုံး လောက်ပါသည့် မြေကလေးတစ်ကွက်လောက် ဝယ်ထားလိုက်ပါလား တဲ့။ ကိုယ်မနေလျှင်တောင်မှ နှစ်ကြာလျှင် ပြန်ရောင်းစားဦး မြတ်မယ် တဲ့။

အောင်သော် ရယ်ချင်သည်။ သူ့အဖို့ ငွေ ၁၀၀၀၊ ၂၀၀၀ ရှာ၍ မရတော့ မဟုတ်ပါ။ သို့ပေမဲ့ မြေဝယ်ထားနိုင်လောက်အောင် ငွေပိုငွေလျှံ မရှိ။ ပြီးတော့ မြေ ဘာလုပ်ရမလဲ၊ ဘာမှလည်း မလုပ်တတ်။

ဆရာဝန်ပေါက်စဘဝမှာက သူများတွေ အထင်ကြီးသလို တကယ်တမ်း မဟုတ်ရပါဘူး။ ဆရာဝန်တွေက တစ်နှစ်ထက် တစ်နှစ် ပိုပို ပိုပိုပြီး များလာတာမဟုတ်လား။ ဆေးရုံမှာတော့ စောင့်လုပ်လျှင် ရနိုင်ပါသည်။

စစ်တပ်ထဲ ဝင်ချင်လျှင် ဖြစ်နိုင်ပါသည်။

ဘာပဲပြောပြော တခြားဘွဲ့ရတွေနှင့်စာလျှင်တော့ ဆရာဝန်ဘွဲ့ ကလေး ရထားတာက အလုပ်အကိုင်မရှား။ မရှားဆို၍ ပေါသလား ဆိုတော့လည်း စီးပွားလမ်းဖြောင့်အောင် ပေါများလှသည်မဟုတ်။

ရန်ကုန်ဆင်ခြေဖုံးက မော်တော်ကားဂိုဒေါင် တော်တော်များများ အားလုံးနီးပါးပါပဲလေ၊ ဆေးခန်းတွေ ဖြစ်ကုန်ကြပြီ။ တချို့လည်း အဆင်ပြေတာပေါ့။ တချို့ကျတော့လည်း အဆင်မပြေဘူး။ အဆင်မပြေ ဘူးဆိုတဲ့အထဲမှာ ဒေါက်တာအောင်သော်တို့လို ဆရာဝန်ပေါက်စတွေက အများစု။

*

mgyoe.com

mgyoe.com
SAMPLE BOOK


## [ ၁ ]

ဆေးကျောင်းကို တက်ခွင့်ရအောင် ၁၀ တန်းတုန်းက ဘယ်လောက်ကြိုးစားရတယ်ဆိုတာ အားလုံးအသိပါ။ အောင်သော်အဖို့ စာကြိုးစားရခြင်းကို သိပ်ပင်ပန်းတကြီးဟု သဘောမထားခဲ့ပါ။

အဖေနှင့်အမေက ငယ်ငယ်တုန်းကတည်းက ကျောင်းကောင်းကောင်းမှာ ထားခဲ့တာပါ။ အစိုးရအထက်တန်းကျောင်းချင်း တူပေမဲ့ အောင်သော်တို့ကျောင်းက အသင်အပြကောင်းသည်ဟု နာမည်ကြီးသည်။ သည့်အပြင် ကျူရှင်တွေလည်း တက်လိုက်ရသေးသည်။

မနက်မိုးလင်း ၇ နာရီ ကျောင်းသွားတက်။ နေ့လယ်ကျောင်းဆင်းတော့ အိမ်ပြန် ထမင်းစားဖို့ အချိန်မရှိ။ အောင်သော်တို့က ကိုယ်ပိုင်ကားသုံးလေးစီးရှိတဲ့ မိသားစုမှမဟုတ်ပဲ။ အောင်သော့်ဖေဖေက အရာရှိကြီးဆိုပေမဲ့ ရုံးကားတစ်စီးပဲ သုံးရတာ။ ရုံးကားကလည်း မာဇဒါ လေးဘီး ၃၆၀ ခပ်စုတ်စုတ်ရယ်။

သည်ကားလေးနှင့် အဖေ ရုံးသွားရုံးပြန်၊ အမေက တစ်ခါတလေ ဈေးသွား၊ တစ်လ နှစ်ခါလောက်တော့ ရုပ်ရှင်ကြည့်ဖြစ်ကြပါရဲ့။ ဒါပေမဲ့

mgyoe.com

mgyoe.com SAMPLE BOOK


အောင်သော်က အဖေ အမေတို့နှင့်အတူ ရုပ်ရှင်ကြည့်ခဲ့သည်။ လူကြီးတွေကြိုက်တဲ့ ရုပ်ရှင်ကို အောင်သော်က သိပ်မကြိုက်။ ဘုရားသွားတာတို့၊ အမေ ဥပုသ်စောင့်ဖို့ ဘုန်းကြီးကျောင်း သွားတာတို့ကျတော့ အောင်သော် ကားကို လိုက်မောင်းပို့ရသည်။

သည်ကိစ္စမျိုးကလေးတွေလောက်ကလွဲပြီး အောင်သော်အတွက် သတ်သတ် ကျောင်းပို့ ကျောင်းကြို ကားကို ဘယ်သုံးနိုင်ပါ့မလဲ။

အောင်သော်ကိုယ်နှိုက်ကလည်း ကားနှင့် အကြိုအပို့ အလုပ်ခံရသည်ကို သိပ်မကြိုက်။ သူ့ဘာသာသူ ဘတ်စ်ကား တိုးတက်ရင်းပဲ ကျောင်းတက်ချင်သည်။ ကျောင်းဆင်းတော့ အိမ်ပြန်ပြီး ထမင်းစားနေလျှင် ကျူရှင်ပြန်တက်ဖို့က အချိန်မမီမကမ်းဖြစ်နိုင်သည်။

ကျူရှင်က နေ့လယ်က စတက်ရသည်။ ညနေ မိုးစုပ်စုပ်ချုပ်မှ ပြီးသည်။ တစ်ကျောင်းမှတစ်ကျောင်း ပြောင်းပြောင်းတက်ရသည်။ တစ်နည်းအားဖြင့်တော့ ပျော်စရာကောင်းပါသည်။ သို့သော် ပင်ပန်းလှ၏။

အိမ်ပြန်ရောက်၍ ညစာစားပြီးသည်နှင့် မျက်တောင်စင်းသွားလေသည်။ ည ၈ နာရီ၊ ၉ နာရီဆိုလျှင် အိပ်ချင်လှပြီ။

အောင်သော် ကျောင်းတက်ဖို့အတွက် အမေနှင့် ညီမလေးတို့ နံနက်စောစောထပြီး ထမင်းဟင်း စီစဉ်ထားလိုက်ကြရသည်။ ထူးထူးပြားပြား စီစဉ်ပေးခြင်းတော့ မဟုတ်ပါ။ အောင်သော့်အတွက် ထမင်းဘူးထဲမှာ တစ်ခါတလေ အသားဆီပြန်ကလေးဘာလေး ပါတတ်ပါရဲ့။ အများအားဖြင့်ကတော့ အစိမ်းကြော်လို့ခေါ်တဲ့ အသီးအရွက်များများ၊ အသားနည်းနည်းနှင့် ကြော်လှော်ထားတဲ့ ကြော်ချက်ဟင်း၊ အရည်က မပါသလောက်။ အရည်များများပါလို့လည်း မဖြစ်။ ထမင်းဘူးထဲ ဟင်းရည်များများထည့်လို့ လုံးဝမဖြစ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဘတ်စ်ကားပေါ်မှာ တိုးရင်းတိုက်ရင်း ထမင်းဘူးကို ဂရုတစိုက် ထိန်းသိမ်းမထားနိုင်။ ဆီတွေ ထွက်ကျကုန်လျှင် အခက်။ ဆီဆိုလို့ သူ့ထမင်းဘူးမှာ ဆီမပါသလောက်ပါပဲ။

သည်တော့ ဟင်းအခြောက်တိုက်နှင့် ထမင်းသာ နေ့စဉ်နှင့်အမျှ ဆိုသလို စားခဲ့ရသည်။

အောင်သော် လက်ဖက်ရည်ဆိုင် မထိုင်တတ်ခဲ့ပါ။ ထိုင်နိုင်လောက်အောင်လည်း မုန့်ဖိုးကမရှိ။ အသွားအပြန် လမ်းစရိတ် တစ်ကျပ်နှင့် အပိုတစ်ကျပ်၊ တစ်ခါတလေ ဦးလေး၊ အဒေါ်တွေက မုန့်ဖိုးပေးမှ အိတ်ကပ်ထဲ ၁၀ တန်ကလေးဘာလေး ထည့်ထားနိုင်သည်။

တကယ်တော့ အောင်သော်တို့မိသားစုက မချမ်းသာ၊ မဆင်းရဲထဲကပါ။ အောင်သော် ငယ်ငယ်ကတည်းက စာတော်သည်။ အဖေကရော အမေကပါ ဆရာဝန်ဖြစ်စေချင်သည်။ အောင်သော်လည်း ဆရာဝန်ဖြစ်ချင်ပါသည်။ ထို့ကြောင့်ပင် ကျောင်းမှာရော ကျူရှင်မှာပါ မှန်မှန်ကြိုးစားခဲ့သည်။ ဆေးကျောင်းတက်ခွင့်ရတော့ သူတို့မိသားစု ပျော်လိုက်သည့်ဖြစ်ခြင်း။ အောင်သော်ကိုလည်း ဆရာဝန်လောင်းအဖြစ်နှင့် ဆွေမျိုးသားချင်းများမှအစ အိမ်နီးနားချင်းများကပါ အရေးတယူလုပ်လာသည်။

ဆေးတက္ကသိုလ်တက်ရတော့ ၁၀ တန်းတုန်းကလောက် မပင်ပန်းတော့ပါ။ သို့သော်လည်း ဆေးစာအုပ်တွေ၊ ကျမ်းတွေ၊ ပြီးတော့ အခေါ်ရခက်သည့် လက်တင်ဘာသာ ဝေါဟာရတွေ၊ ဆေးဝေါဟာရ၊ ဆေးသင်္ကေတတွေကို ကျက်မှတ်ရသည်က ဆေးပညာသင်ရသည်ထက် ငြီးငွေ့ဖွယ်ကောင်း၏။

နောက်တော့လည်း အကျင့်ရသွားတာပါပဲ။

အလုပ်သင်ဆရာဝန်ဘဝနှင့် ဆေးရုံကြီးမှာ တာဝန်ကျတော့ အောင်သော် ပျော်သည်။ သို့သော်လည်း ဆေးရုံမှာ လူနာတွေနှင့် ဆက်ဆံ

mgyoe.com

mgyoe.com SAMPLE BOOK


ရတော့ အခက်အခဲတွေနှင့် စတင်တွေ့ရသည်။

ဩော်... လူ့ဘဝဆိုတာက ပညာတွေသင်ပြီး ပညာတွေတတ်၊ ဘွဲ့တွေ ရနေရုံနှင့် မပြီးပါကလား။

ဆေးရုံမှာ အလုပ်သင်ဆရာဝန်ဘဝနှင့် လူအတော်များများကို တွေ့ဆုံဆက်ဆံခဲ့ရသည်။ ဆရာကြီးဆိုသူများမှစ၍ ဒရဝမ်အထိ၊ အလွန်ချမ်းသာလှသူများမှ ဆေးဖိုး၊ အစာဖိုးမျှပင် မတတ်နိုင်ရှာသူများ၊ ချမ်းသာချင်ယောင်ဆောင်သူများ၊ ဆင်းရဲချင်ဟန်ဆောင်သူများ... အိုး... အများကြီး။

ပြီးတော့ သင်ခဲ့ရသော စာအုပ်ကြီးများထဲမှ အချက်အလက်များသည် တကယ့်လောကတွင် မြေကြီးလက်ခတ်မလွဲ မှန်ချင်မှ မှန်မည်။ တစ်ခါတလေကျလျှင် စာအုပ်ကြီးအချက်အလက်တို့သည် တက်တက်စင် လွဲနေတတ်၏။

စာအုပ်ကြီးတို့သည် လမ်းညွှန်ပေးရုံသာ၊ မှတ်တမ်းများသာ၊ ဘယ်ရောဂါကို ဘယ်လိုကုထုံးနှင့်ကု ဟူ၍သာပါသည်။

ရောဂါဆိုသည်ကလည်း အများကြီး။ ၉၆ ပါးဆိုသည်မှာ ဘာမျှ မဟုတ်သေး။ ၉၆၀၀ လောက်ပင် မကအောင် ရှိချိမ့်မည်။ သည်ကြား ထဲမှာ အခက်ဆုံးက လူမှုဆက်ဆံရေး။

အောင်သော် အတတ်နိုင်ဆုံး ချိုသာပျော့ပျောင်းစွာ ဆက်ဆံလေ့ ရှိပါသည်။ ဘယ်သူနှင့်ဖြစ်ဖြစ်ပါ။ နွမ်းပါးသူဟုထင်ရလျှင် ပို၍ဂရုစိုက် ပါသည်။

ချမ်းသာသူများကတော့ နဂိုကတည်းက ရွှေပေါ်မြတင် နေနေကျ မို့ လူနာအဖြစ်နှင့်လည်း ဖိမ်ကျကျ နေချင်ကြသည်။

အမြင်ကတ်စရာကောင်းသည်က သူတို့၏ စည်းစိမ်ဥစ္စာ ဓန အင်အားများကို ဆေးရုံမှာ လာပြတတ်ကြခြင်းပင်။

mgyoe.com

mgyoe.com SAMPLE BOOK


အရည်ဝနေပြီဖြစ်သော ဆရာဝန်များကတော့ လူနာမှန်သမျှ တစ်တန်းတစ်စားတည်း သဘောထားကောင်း ထားနိုင်ပေလိမ့်မည်။ ထားကောင်းမှလည်း ထားနိုင်ကြပါလိမ့်မည်။

အောင်သော်တို့လို ဆရာဝန်ပေါက်စကတော့ ချမ်းသာပြီး ရောဂါမရှိဘဲ ရောဂါဖြစ်ချင်နေသူများကို နည်းနည်းအမြင်ကတ်သည်။ သို့သော် အထိုက်အလျောက် စိတ်ကျေနပ်အောင်တော့ လုပ်ပေးပါသည်။

ခက်သည်က အောင်သော်တို့လို ဆရာဝန်ပေါက်စကို မလောက်လေးမလောက်စား သဘောထားတတ်ကြခြင်းပင်။

အလုပ်သင်ဆရာဝန်ဘဝမှာ အကြောဆေး သွင်းပေးရခြင်းလောက်ကိုပင် အတတ်ပညာလေ့ကျင့်ခန်းတစ်ခုလို လုပ်ခဲ့ရသည်။ ကျန်တာကတော့ လူနာမှတ်တမ်းများ ရေး၊ စာရင်းသွင်း၊ စာရင်းထုတ်စသော ရုံးလုပ်ငန်းဆိုင်ရာများ။

ဒါတွေကိုလည်း တတ်ထားဦးမှဟု အောင်သော် သဘောပေါက်ပါသည်။ အလုပ်သင်ဆရာဝန်ဘဝကို လွန်မြောက်ခဲ့ပြီးနောက် လက်ထောက်ဆရာဝန်အဖြစ် အမှုမထမ်းရမီစပ်ကြားကလေးကတော့ ဟိုယောင်ယောင် သည်ယောင်ယောင်နှင့်ပါပဲ။

အောင်သော်သည် ပထမ သူ့ထက် လုပ်သက်ရနေပြီဖြစ်သော ဆရာဝန်တစ်ယောက်၏ ဆေးခန်းမှာ ရလီဗင်းထိုင်သည်။ အစားထိုးဆရာဝန် ဝင်လုပ်သည်ဆိုပါတော့။ သည်မှာ ရပ်ကွက်လူနာတွေနှင့်စ၍ နဖူးတွေ့ဒူးတွေ့ တွေ့ရသည်။

အရပ်ထဲမှာ ဆေးခန်းစဖွင့်ပြီဆိုလျှင် လူများက အကဲခတ်ကြသည်။ ဆရာဝန်၏ ပုံပန်းသဏ္ဌာန်ကအစ အသက်အရွယ်၊ အနေအထိုင်၊ နောက်ဆုံး ဆံပင်ဖြီးပုံအထိ၊ မျက်မှန်တပ်သလား၊ မတပ်သလားအထိ။

အောင်သော် ပထမ စထိုင်သည့်ဆေးခန်းမှာ တောင်ဥက္ကလာပ

mgyoe.com

mgyoe.com
SAMPLE BOOK


အစွန် ဝေဇယန္တာလမ်းမကြီးပေါ်က ဆေးခန်းလေးတစ်ခန်း။

သူ့အရင်က သူ့လိုပဲ လက်ထောက်ဆရာဝန် မဖြစ်ခင်၊ အလုပ်မရခင် ဝင်ဝင်ထိုင်သွားကြသည့် နောင်တော်လေးများ၏ လက်ကျန်ဆေးခန်း။

ဆေးခန်းပိုင်ရှင် အဒေါ်ကြီးက သဘောကောင်းပုံရသည်။ သူ့အရင်ထိုင်သွားသော ဒေါက်တာ ကိုကျော်ဦးက ဆက်ပေးခဲ့ခြင်း ဖြစ်သည်။ ကိုကျော်ဦးက ယခု အလုပ်ရ၍ နယ်ပြောင်းသွားရပြီ။

ဆေးခန်းရှင်ဆိုတာကလည်း အမျိုးမျိုး။

တချို့က ဆရာဝန်ကို လိုက်ရှာသည်။ ဆေးခန်းငှားခ ယူသည်။ အရပ်ထဲမှာ လူနာ မိတ်ရှာပေးသည်။ သည်ကိစ္စကတော့ တော်တော်ခက်သား။ ဆေးခန်းမှာ မိတ်ဖြစ်အောင် ရှာရသည်ဆိုသည့် သဘောတရားကြီးကို စဉ်းစားရ ကျပ်လှ၏။

အချို့ကတော့ နေရာကောင်းရှိသည်။ အရပ်ထဲ၌ ဆေးခန်းဖွင့်ရန်ကောင်းသောနေရာမှာ သူတို့အိမ်က တည်ရှိနေသည်။ ထိုသို့ နေရာကောင်းသော အခန်းများကိုကျတော့ ဆရာဝန်ပေါက်စတွေက လိုက်ရှာရသည်။ အခန်းခ ပိုပေးရသည်။ ပြီးတော့ ဆရာဝန်အတွက် လူနာမရှားပါ။

အောင်သော် စဉ်းစားကြည့်သည်။ ဆရာဝန်သည် လူနာများခြင်းကို လိုအပ်ပါသလော။

ဆေးခန်းဖွင့်ထားသော ဆရာဝန်အတွက်ကတော့ လူနာများဖို့ လိုပါသည်။ ဒါမှလည်း စရိတ်ကျေမည်။ ကိုယ့်အတွက် စားဝတ်နေရေး ရမည်။

တကယ်တမ်းကတော့ လူနာတွေ နည်းရမည်။ လူနာနည်းခြင်းဟူသည်မှာ လူအများစု ကျန်းမာနေကြခြင်းဟု အဓိပ္ပာယ်ရမည်။ လူနာ

mgyoe.com

mgyoe.com
SAMPLE BOOK


များလွန်းခြင်းသည် လူအများစု ကျန်းမာရေးထိခိုက်နေကြခြင်းသဘော ကို ဆောင်သည်။

မစည်ကားအပ်သော နေရာများထဲ၌ ဆေးရုံပါသည် မဟုတ်ပါ လား။

ခုတော့...

အောင်သော် လေးလေးနက်နက်တွေ မစဉ်းစားနိုင်တော့ပါ။

ဆေးခန်းက မဖွင့်မဖြစ်၍ ဖွင့်လိုက်ရပြီ။

❋

mgyoe.com

mgyoe.com
SAMPLE BOOK


[ ၂ ]

ဆေးခန်းရှင် ဒေါ်ကြီးက သဘောကောင်းသည်။ ပတ်သက်ရာ ပတ်သက်ကြောင်း သူ့မိတ်ဆွေများကို အောင်သော်ဆေးခန်းမှာ လာပြဖို့ တိုက်တွန်းပေးသည်။

အောင်သော်ကလည်း တတ်သမျှသော ဆေးပညာဖြင့် အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကုသပေးပါသည်။

သို့ရာတွင် ခက်လာသည့် ကိစ္စတစ်ခုမှာ –

ဆရာဝန်ကလည်း ငယ်ငယ်ကလေး၊ ပြီးတော့ နေ့နေ့ကွေးကွေးနဲ့ သိပ်တော်ပုံ မရပါဘူးဟု အရပ်ထဲ၌ စကားဖြစ်ခဲ့ရလေသည်။

အောင်သော် နေ့သည်၊ လေးသည်ဆိုတာကတော့ မှန်ပါသည်။

ဘာကြောင့် နေ့ရသနည်းဆိုသည်ကို ထိုထိုသောလူများ သဘောမပေါက်နိုင်ကြ။

ဆေးထိုးအပ်ဖျားတွင် သူတို့ အသက်ရှိနေခြင်းကိုလည်းကောင်း၊ ဘာမှအရေးမကြီးသော ဘာစပရိဆေးပြားတစ်ပြားတွင် သူတို့အသက်တည်နေကြောင်း၊ တစ်ပုလင်း လေးငါးကျပ်လောက်သာ တန်သည့်

mgyoe.com

mgyoe.com
SAMPLE BOOK


ပင်နီဆီလင်ထိုးဆေးထဲတွင် သူတို့အသက်အန္တရာယ် ရောက်နေနိုင်ကြောင်း စသည် စသည်များကို သူတို့ မသိကြ။

ဆရာဝန်၏ တန်ရုံမျှသော ပေါ့ဆမှုသည် လူနာ၏ အသက်အန္တရာယ်အထိ ပေးစွမ်းနိုင်သည်ကို ထိုထိုလူနာရှင်များ မသိကြသေးခြင်းပင်။

အောင်သော့်ကို ဆရာ့ဆရာများက သေသေချာချာ အသေးစိတ်ညွှန်ကြားခဲ့၏။ မသေချာသော ရောဂါအတွက် ဆေးမပေးလေနှင့်၊ ဆေးမထိုးလေနှင့်၊ မလိုအပ်လျှင် ဆေးလုံးဝမထိုးနှင့်။

အောင်သော်သည် ဆရာဝန်သက် ရင့်သေးသည် မဟုတ်သဖြင့်ဂျီပီအဖြစ် အထွေထွေရောဂါများကို ကုသရာ၌ သူ့ဘက်က သေချာဖို့လိုအပ်သည်။

အအေးမိ၊ နှာစေး ချောင်းဆိုးမျှလောက်ကိုပင် သူ ဂရုစိုက်၏။ ရိုးရိုး အအေးမိတာလား၊ အဆုတ်ကို ထိခိုက်နေသလား။ နှာတာရှည်ချောင်းဆိုးဆိုလျှင် အဆုတ်ရောဂါအထိ ဖြစ်နိုင်သည်။ နှာတာရှည်နှာစေးခြင်းသည် ဦးနှောက်နှင့် အာရုံကြောအထိ ထိခိုက်နိုင်သည်။ နမိုးနီးယားဖြစ်လျှင် ဆေးမဦးက အသက်အန္တရာယ်ပေးနိုင်သည်။

သမ္မာမရင့်သေးသော အောင်သော့်လို ဆရာဝန်မျိုးအဖို့ ပို၍ ဂရုစိုက်ရသည်။ သည်တော့ အသေးစိတ် အချက်အလက်များကို စမ်းသပ်ရသည်၊ စစ်ဆေးရသည်။ စိတ်ချလောက်သော ဆေးမျိုးကို ရွေး၍ ပေးရသည်။ သည်တော့ အောင်သော် ဆေးကုတာ နှေးသတဲ့။ သိပ်မတော်သေးဘူး ထင်ပါတယ်တဲ့။

သိပ်မတတ်၊ သိပ်မတော်သေးတာကတော့ အမှန်ပါပဲ။ ဒါပေမဲ့ပြီးစလွယ်မလုပ်ချင်လို့ သေသေချာချာ ကျကျနန စမ်းသပ်စစ်ဆေးပြီးမှ ချင့်ချင့်ချိန်ချိန် ဆေးပေးသည်ကိုတော့ သဘောပေါက်ဖို့ ကောင်းသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ညနေ ၅ နာရီက ည ၈ နာရီကျော်ကျော်အထိ ဆေးခန်းမှာ ထိုင်ရသော်လည်း လူနာက တစ်ခါတလေ ၁၀ ယောက်မပြည့်။

တစ်ညကို ကိုယ့်ဖို့ ငွေ နှစ်ဆယ်၊ အစိတ်ကျန်အောင် လုပ်ရသည်မှာ ကိုယ်သင်ထားရသော ပညာ၊ အပင်ပန်းခံထားရသော အချိန်များနှင့် စာလျှင် နည်း၏။

သည်လိုပဲ အောင်သော် တွက်မိ၏။

အောင်သော်လို ဆရာဝန်ပေါက်စအတွက် ဆေးခန်းက ရှားပါသည်။ ထို့ကြောင့် တစ်ညလျှင် ကိုယ့်ဖို့ ၁၀၊ ၁၅ ကျပ် ကျန်လည်း မနည်းဟုတွက်ပြီး ထိုဆေးခန်းကလေးမှာ ထိုင်လိုက်ရသည်။

တချို့ သူငယ်ချင်းဆရာဝန်များဆို ရာခိုင်နှုန်းနဲ့ ဆေးခန်းမှာ ထိုင်ကြကာ တစ်ညလုံးထိုင်တော့မှ သုံးကျပ် ပြား ၂၀ ပဲ ရတာမျိုး ရှိတယ်တဲ့။ အချင်းချင်းပြောပြီး ရယ်ခဲ့ကြရသေးသည်။

သည်တော့ ၁၀ ရရ၊ ငါးကျပ်ရရ၊ ဘယ်လောက်ရရ၊ ဆေးကုရဖို့သာ အရေးကြီးသည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

အောင်သော် ထိုဆေးခန်းကလေးမှာ ထိုင်ရင်းက အဆက်အသွယ်တစ်ခု ထပ်ရသည်။ လေးထောင့်ကန် ရွာနားမှာတဲ့၊ သုံးခွဆိုတဲ့ ရွာကလေးရှိသတဲ့။ အဲဒီမှာ ဆေးခန်းရှိသတဲ့။ သွားထိုင်နိုင်လျှင် ကောင်းမယ်တဲ့။

သူငယ်ချင်းတစ်ယောက်က ပြောသည်။ ပြန်စဉ်းစားကြည့်မိသည်။

⁜

mgyoe.com

mgyoe.com SAMPLE BOOK


# [၃]

“ဒီမယ် အောင်သော်၊ ငါပြောတာကို စဉ်းစဉ်းစားစား နားထောင်... ကြားလား။ စိတ်ကူးမလွဲပါနဲ့ ငါ့လူရယ်”

အောင်ခင်က ခပ်တည်တည်နှင့် ပြောနေသည်။

တောင်ဥက္ကလာအစွန်မှ အောင်သော့်ဆေးခန်းကလေးမှာ ညနေ ၅ နာရီမှ ည ၈ နာရီထိ ဖွင့်ထား၏။ ညနေ ၅ နာရီနှင့် ၆ နာရီကြား လူနာ ပါးသည်။ အဲ... ၆ နာရီနှင့် ၇ နာရီကြားတော့လည်း သိပ်မများပါ။ ၇ နာရီနှင့် ၈ နာရီကြား နည်းနည်းရှိသည်။ ခု... ၅ နာရီခွဲပြီ။ သူငယ်ချင်း အောင်ခင် ရောက်လာ၏။ ပြီးတော့ သုံးခွဆိုသော ရွာကလေးနာမည် ပြောပြသည်။

“သုံးခွတဲ့ကွ၊ ဒီသဃ်န်းကျွန်းဈေးကနေ မနက် ၇ နာရီ ကားရှိတယ်။ ဟိုကိုလွန်ရော ၇ နာရီခွဲ၊ ၈ နာရီလောက် ရောက်မှာပေါ့။ မင်း ၈ နာရီ ဆေးခန်းစဖွင့်လို့ရတယ်”

“နေစမ်းပါဦး၊ သုံးခွဆိုတာ ဟိုးဘက်ကမ်းမဟုတ်လား။ သန်လျင်ကနေ သွားရတာ”

mgyoe.com

mgyoe.com
SAMPLE BOOK


"အဲဒါ ခရမ်းသုံးခွကွ၊ မြန်မာပြည်မှာ သုံးခွတွေ၊ ဥသျှစ်ပင်တွေ၊ ဘုရားကလေးတွေ၊ မန်ကျည်းစုတွေ၊ ကုက္ကိုစုတွေ၊ ညောင်ပင်စုတွေ အိုး... နာမည်တူရွာတွေ အများကြီးကွ။ ဒါက လေးထောင့်ကန် သုံးခွ၊ ဟိုဟာက ခရမ်းသုံးခွ"

"အေး... ထားပါတော့၊ အဲဒီမှာ ဆေးခန်းမရှိသေးဘူးလား"

"ရှိတော့ရှိတယ်၊ ဒါပေမဲ့ ခု မရှိဘူး။ ဒီလိုကွာ၊ ဆရာဝန် မရှိဘူး။ ဆရာဝန်က လေးထောင့်ကန်မှာ ရှိတယ်။ အိပ်ချိအေလည်း လေးထောင့်ကန်မှာ ရှိတယ်။ သုံးခွမှာ မင်း ထိုင်လို့ရတယ်"

"မင်းပြောသလို သွားပြီး 'ထိုင်' နေရမှာလား"

"မဆိုးပါဘူးတဲ့ကွ"

"ဘယ်သူပြောလဲ"

"ကျော်ဦး ပြောတာပဲ။ အဲဒီကောင်က ထိုင်ဖူးတယ်။ ခု... ဒီကောင် တပ်ထဲရောက်နေပြီ"

"ဟုတ်ပြီလေ သွားတော့ ကြည့်သေးတာပေါ့။ မင်း ရောက်ဖူးတယ်မဟုတ်လား"

"အေး... တစ်ခေါက်ရောက်ဖူးတယ်။ ကျော်ဦးရှိတုန်းက အဲဒီရွာက ကောင်စီလူကြီးတစ်ယောက်နဲ့ သိတယ်။ သဘောကောင်းပါတယ်ကွ"

အောင်သော်သည် ဆေးကျောင်းသားဘဝတုန်းက ကျေးလက်များကို ကွင်းဆင်းကုသခဲ့ရသည်များကို အမှတ်ရ၏။ အဲသည်တုန်းကတော့ ပျော်စရာတစ်မျိုးပါပဲ...။ လွမ်းစရာလည်း ကောင်းရဲ့။

ခုတော့...

*

mgyoe.com

mgyoe.com
SAMPLE BOOK


[၄]

နံနက် နေထွက်တစ်ပြုံမို့ သိပ်မပူသေး။

နွေဦးတော့ ရောက်ပြီ။ မကြာမီပဲ သင်္ကြန်ကျတော့မည်။ ခုနှစ်နွေက နည်းနည်းနောက်ကျသည်ထင်၏။ တပေါင်းလမှာ ချမ်းလို့ကောင်းတုန်း။

ခုနံနက်လည်း သဃင်္န်းကျွန်းဈေးနားက ကားစထွက်တော့ နည်းနည်းအေးနေသေးသည်။

အောင်သော် အပေါ်အင်္ကျီအပါးတစ်ထည် လိုရမည်ရ ဝတ်ခဲ့၏။ ဘတ်စ်ကားက ချက်ပလက်ခေါင်းတို။ စစ်အတွင်းတုန်းက အမေရိကန်တွေ ကျန်ခဲ့သည့် ကားကြီး။

ကားနာမည်က ရွှေဝါရောင်တဲ့။ အပြာရောင်လွင်လွင်ကြီး သုတ်ထား၏။ သဘော်ဆေးမို့ ပြောင်ပြောင် ပြောင်ပြောင်နှင့် ဖြစ်နေသည်။ ဆေးသုတ်ပြီးစမို့ ဖြစ်လိမ့်မည်။ မကြာမီအချိန်အတွင်း ဖုန်များနှင့် ညစ်ထူပေတော့မည်။ ကားထဲမှာတော့ အပြည့်တင်ထားသည်။ ကုန်ရော လူရော။ ဒါပေမဲ့ သည်နံနက် လူသိပ်မများဟု ထင်ရသည်။ တနင်္ဂနွေ

mgyoe.com

mgyoe.com
SAMPLE BOOK


နေ့မို့လား မသိ။

ကားစီးခရီးသည်များမှာ အသားညစ်ညစ်နှင့် အဝတ်သစ်သစ် ဝတ်ထားသူများ၏။ ဈေးသည်အများစု ဖြစ်လိမ့်မည်။ တချို့လည်း အလုပ်ပိတ်သည်မို့ ရွာသို့ ခဏပြန်ကြသည် ဖြစ်ကောင်းဖြစ်မည်။

ငမိုးရိပ်တံတားကို ကျော်ခါနီး ဂိတ်မှာ ခဏရပ်သည်။

ရဲကင်းက အတန်ငယ် စစ်ဆေးသည်ဖြစ်မည်။ သွားနေကျ၊ ပြန်နေကျမို့ ရဲများနှင့် ကားဆရာတို့ အသိမိတ်ဆွေ ဖြစ်နေကြရော့မည်။

ခဏဆိုမှ ခဏကလေးသာ ကြာသည်။ ငမိုးရိပ်တံတားကို ကျော် ဖြတ်ခဲ့သည်။ အရှေ့က နေဝန်း ထွက်စ ပြုစ ဖြစ်သည်။ မင်းလွင်နှင်းမြူ က ငမိုးရိပ်ချောင်းကို လွှမ်းထားသည်။ နေခြည်သည် မရဲတရဲ ထိုး ဖောက်နေ၏။

နဂိုချောင်းအရောင်က ညစ်ထေးထေးဖြစ်သော်လည်း ကောင်းကင် က အပြာရောင်နှင့် မင်းလွင် အပြာရောင်တို့ လွှမ်းထားသောကြောင့်လား မသိ။ ချောင်းပြင်က လဲ့လဲ့ကလေး ပြာနေသည်။

ချောင်းလယ်တွင် လှေလား၊ သမ္ဗန်လားမသိ မျောနေသည်။ ငါးဖမ်းသလား၊ ပိုက်ချသလား၊ ဒါမှမဟုတ် ကုန်သယ်သလား။ အောင်သော် စဉ်းစားလာခဲ့သည်။ သူ့ရင်ထဲ၌ တစ်စုံတစ်ရာသည် ဝင်ရောက်နှောင့်ယှက်နေသလို ထင်ရ၏။

စာမေးပွဲတွေ ဖြေရတုန်းက မတုန်လှုပ်ခဲ့ဖူးပါ။ ခု တုန်လှုပ်နေ သလို ဖြစ်နေသလားမသိ။ ဘာပဲဖြစ်ဖြစ်လေ၊ နေရာသစ်တစ်ခုကို ဝင်ရောက် လှုပ်ရှားရတော့မည်ဆိုတော့ အနည်းနှင့်အများ ရင်ခုန်မိမှာ ပေါ့။ မဆန်းပါဘူး။

ငမိုးရိပ်မရောက်ခင် လမ်းတစ်လျှောက် အောင်သော် လမ်းများကို ငေးခဲ့သည်ပဲ။ ဆေးခန်းတွေ... ဆေးခန်းတွေ။

mgyoe.com

mgyoe.com SAMPLE BOOK


သဃ်ာန်းကျွန်းဘုရားလမ်းမှတ်တိုင်မှာ သူ ဘတ်စ်ကားပေါ်က ဆင်းဆင်းချင်း ဆေးခန်းနှစ်ခု ကပ်လျက်၊ ယှဉ်လျက် တွေ့ခဲ့ရသည်။

ပြီးတော့ ဈေးဘက် ပြန်အလျှောက်မှာလည်း ဘုရားလမ်းထိပ် ဟိုဘက်သည်ဘက် အဖြူရောင်အောက်ခံပေါ်မှာ အနီရောင် ကြက်ခြေခတ်ထားသည့် ဆိုင်းဘုတ်တွေ။

စေတနာတဲ့... မေတ္တာတဲ့... နောက် ဒေါ်ခင်မမ ဆေးခန်းတဲ့၊ သက်သာတဲ့၊ ပြီးတော့ အာရောဂျတဲ့၊ ဒေါက်တာမင်းအောင်တဲ့၊ ဒေါက်တာခင်မာလာတဲ့၊ အို... အများကြီး။

ဟိုရှေ့နားမှာ ဆေးခန်းတစ်ခန်း၊ နောက်နှစ်ခန်း၊ သုံးခန်းရှိပြီ။ လေး ငါး ခြောက်၊ မရေနိုင်တော့၊ မရေတွက်ချင်တော့။

လမ်းထောင့်တိုင်းမှာ ဆံသဆိုင်းဘုတ်နှင့် ဆေးခန်းဆိုင်းဘုတ် ယှဉ်လျှင် ဆေးခန်းက များမည်။ ကွမ်းယာ ဆေးလိပ်ဆိုင်များ ကျနေတာပဲ။

အေးလေ... ရန်ကုန်ဆင်ခြေဖုံးမှာက ဆေးလိပ် ကွမ်းယာဆိုင်မှာ ဆေးနဲ့ ဆေးပစ္စည်းလည်း ရောင်းနေသားပဲမဟုတ်လား။

✧

ချောင်းပြင်မှာ မျောနေသည့် လှေကိုကြည့်ရင်း ဒေါက်တာအောင်သော် တစ်စုံတစ်ခု စဉ်းစားမိသည်။

လူ့ဘဝဆိုတာ ပဲ့မပါတဲ့ လှေလား၊ ဒါမှမဟုတ် ပဲ့အထိန်းရ သိပ်ခက်တဲ့ လှေမျိုးလား။

ဆရာဝန်က ဘာတွေများ လျှောက်စဉ်းစားနေမိပြန်ပါလိမ့်ဟု သူ့ကိုယ်သူ ရယ်ချင်ချင် ဖြစ်သွားရသေးသည်။

ငမိုးရိပ်တံတားကိုကျော်တော့ လယ်ကွင်းပြင်ကို စတွေ့ရပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK


သို့ရာတွင် လယ်ကွင်းသန့်သန့်မဟုတ်လား။ လမ်းဘေးမှာ တဲများ ထိုးလျက်နေကြသည်။ သူတို့ ဘာတွေ လုပ်ကိုင်စားသောက်ကြသလဲ မသိ။ ချောင်းနား မြောင်းနား ငါးသေး ငါးမွှားတွေ ရှာကြမည်တော့ အမှန်။

တိုးကြောင်ကလေးတဲ့။ သဃ်န်းကျွန်းနှင့် ဆက်လျက်ရှိသည့် ရွာကြီးပါပဲ။ ခုတော့ ရပ်ကွက်ကြီးတစ်ကွက် ဖြစ်နေပြီ။ ရပ်ကွက် တစ်ကွက်တည်းမှ ကရဲ့လားမသိ။ ရဲစခန်းနှင့်၊ ဆေးပေးခန်းနှင့်၊ ဖွံ့ဖြိုး တိုးတက်နေသော အရိပ်အယောင်များကို တွေ့ရ၏။

ကုန်များ တင်ကြသည်။ ခေါင်မိုးပေါ်မှာလည်း ခရီးသည်များ တက်ကြသည်။ ကားက သိပ်မကျပ်သေးပါ။ ရန်ကုန် ဘတ်စ်ကား ဆိုတာနှင့်စာလျှင် တော်တော်ကလေး ချောင်နေပါသေးသည်။

ရှေ့နားမှာ တိုင်မြင့်မြင့်ကြီးများနှင့် ဝိုင်ယာကြိုးများ သွယ်ထူထား သည်ကို တွေ့ရ၏။ အသံလွှင့် အသံဖမ်း စခန်းခွဲဆိုလား၊ အရပ်ကတော့ လွယ်လွယ်ပဲ ခေါ်ကြသည်။ ဝိုင်ယာလက်တဲ့၊ ကြိုဟ်တုတဲ့။ ဟုတ်သား ပဲ၊ ရှင်းနေသားပဲ။

သံတိုင်မြင့်မြင့်ကြီးထူပြီး ဝိုင်ယာကြိုးများ မြေကြီးနှင့် တန်းထား လျှင် ဝိုင်ယာလက်ပေါ့။ ဂြိုဟ်တုနှင့် ဆက်သွယ်ရေးလုပ်ငန်းလုပ်တော့ ဂြိုဟ်တုစခန်းပေါ့။

မကြာမကြာဆိုသလို ကားရပ်၏၊ ကုန်တင်၏၊ လူတင်၏။ ခရီးသည်အများစုနှင့် ကားဆရာတို့သည် နေ့စဉ်နှင့်အမျှ တွေ့နေကျမို့ ရင်းနှီးနေကြပေလိမ့်မည်။

"ဟော့… အပေါ်က ဦးလေးထွန်း မြေပဲအိတ်တွေလား"

စစ်ဦးထုပ်နှင့် လူကြီးတစ်ယောက်က မေးသည်။

စပယ်ယာက ခေါင်းညိတ်ပြ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ချက်ပလက်ခေါင်းတို ဘတ်စ်ကား 'ရွှေဝါရောင်' သည် တဇီးဇီး တဂျုန်းဂျုန်းဖြင့် ရုန်း၍ကောင်းဆဲ။

✧

မင်းလွင်နှင့် မြူကြားမှ တပေါင်းနေသည် ရဲရင့်လာပြီးဖြစ်၏။

လယ်ကွင်းပြင် တစ်ပြန့်တစ်ပြူးကို မြင်ရသည်။ သို့သော် စပါး ကွင်းများ ဟုတ်ဟန်မတူတော့။ စပါးစိုက်ခြင်း နည်းကောင်း နည်းသွား ပေလိမ့်မည်။ ပပ်ကြားအက်များကိုတော့ ဂရုစိုက်မိသည်။ ရေစပ်စပ် နေရာများတွင်၊ မြေပပ်ကြားအက်ကြားတွင် ရွှံ့က မစို့တစို။

ကွင်းတစ်ပြောက်၊ တဲတစ်ပြောက်ကို တရွေ့ရွေ့ကျော်ခဲ့၏။ ရှေ့နားမှာ စက်ရုံတွေ တွေ့ရသည်။ ရွာသာကြီး။

"ဆည်မြောင်းပါလား၊ အုတ်စက်ပါလား"

စပယ်ယာ၏အသံ ကြားရ၏။

ဆည်မြောင်းဌာန၏ စခန်းကြီးတစ်ခုခု ရှိမည်။ ကြီးမားသော အုတ်စက်ရှိမည်။ တန်ရုံ အုတ်ဖုတ်သည့် နေရာဆိုလျှင်တော့ ကား မှတ်တိုင် လုပ်လိမ့်မည်မဟုတ်။ စီမံကိန်းဝင် စက်ရုံတစ်ရုံဖြစ်ပေမည်။

ရွာသာကြီးမှာ စီမံကိန်းတွေ ရှိသည်ဟု ကြားဖူး၏။

ဆိုင်းဘုတ်များကို ဖတ်လိုက်မိသည်။ ငါးမွေးမြူရေးကန်၊ တိရစ္ဆာန် အစာစပ် စက်ရုံ၊ ကြက်သားထုတ်လုပ်ရေး၊ စိုက်ပျိုးရေး... အများကြီး ပါလား။ တစ်နေရာတွင် ရပ်သည်။ စိုက်ပျိုးရေးဌာနမှ စီမံကိန်းဝင် ခြံကြီးတစ်ခြံထိပ် ဖြစ်လိမ့်မည်။

မြေနီလမ်းဖြူးဖြူးကို တွေ့ရသည်။ လမ်း၏ဟိုဘက်ထိပ်တွင် အဆောက်အအုံသစ်ကလေးတစ်ခု၊ ရွာသာကြီးဘူတာရုံ။ ဆေးအသစ် နီနီ၊ ပြာပြာကလေးများဖြင့် လှပစွာ။

mgyoe.com

mgyoe.com
SAMPLE BOOK


အောင်ခင် မှာလိုက်သည့်အတိုင်းဆိုလျှင်တော့ ရွာသာကြီးကို လွန်လျှင် သုံးခွ ရောက်တော့မည်။

အောင်သော်သည် အနီးရှိ ဆံပင်အဖြူတစ်ဝက်၊ မီးခိုးရောင် တစ်ဝက်ကို သျှောင်ပေစူးအဖြစ် ထုံးထားသော အသားမည်းမည်း အဘိုးကြီးတစ်ယောက်အား လှမ်းမေး၏။

"သုံးခွ ရောက်တော့မလား ဘကြီး"

"ရှေ့မှာကွ၊ လိုသေးတယ်"

သူမေးသော အဘိုးကြီးက ဖြေခြင်းမဟုတ်ပါ။ သူနှင့် မျက်နှာ ချင်းဆိုင်တွင် ထိုင်နေသော လည်ကတုံးအင်္ကျီနွမ်းနှင့် လူကြီးက ဖြေခြင်း ဖြစ်သည်။ အောင်သော် ထိုင်ရာမှထ၏။

"အဝေးကြီး ကျန်သေးတယ်ကွ"

"ရပါတယ်ဦးလေး၊ အပြင်ထွက်ထားတာပေါ့"

ကားခုံတန်းက ရှေ့နောက်ယှဉ်လျက်မဟုတ်။ ဘေးနှစ်ဖက် နှစ်ချက်နှင့် အလယ်တန်းမှာ ကျောချင်းကပ်။

အထုပ်အပိုးများကို ကျော်လွှား၍ ကားနောက်ဘက် ထွက်ခဲ့ သည်။ စပယ်ယာဆရာနားမှာ ရပ်လိုက်သည်။

ဘတ်စ်ကားနောက်မြီးမှာ တွဲခိုခြင်းကိုစကတော့ အောင်သော့်အဖို့ အပျော့စားပါ။

"သုံးခွမှာဆင်းမယ် ညီလေး"

စပယ်ယာ ခေါင်းညိတ်၏။

"ဘယ်လောက်ပေးရမလဲ"

"တစ်ကျပ်ခွဲအစ်ကို၊ တံတားကျော်ခကြောင့် ဈေးတက်သွားပြီ"

အောင်သော် နားမလည်၊ ကျပ်တန်နှစ်ရွက် ထုတ်ပေး၏။ ငါးမူး ပြန်အမ်းရင်း စပယ်ယာ ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"တံတားဖြတ်ခက အသွား ၁၀၊ အပြန် ၁၀ ပေးရတယ်ဗျ၊ ဒါကြောင့် ငါးမူးတက်သွားတာ"

ဟုတ်သားပဲ၊ တစ်နေ့က သတင်းစာမှာ ဖတ်လိုက်ရသည်။

မြန်မာပြည်ရှိ မော်တော်ကား လမ်းမကြီးပေါ်ရှိ တံတားများအပေါ် ဖြတ်သန်းလျှင် ယာဉ် အကြီးအငယ်အလိုက် ခွဲခြား၍ တံတားပေါ်ဖြတ်ခ ကောက်ခံမည်တဲ့။

ဘတ်စ်ကားဆိုတော့ တံတားပေါ်ဖြတ်ခ တစ်ခါဖြတ် ၁၀၊ အသွား အပြန် ၂၀။

သည်တော့ ကားဆရာတို့က ခရီးသည်အပေါ်မှာ ကားခ ငါးမူး တင်၍တောင်းသည်။ ဘယ့်နှယ်လုပ်မလဲ၊ ကားပိုင်ရှင်ကတော့ တံတား ဖြတ်ခကို သူ စိုက်ထုတ်နိုင်မည်မဟုတ်၊ ခရီးသည်အပေါ်က ပိုယူသည်။

အောင်သော် စဉ်းစားကြည့်သည်။ ဉာဏ်မီသလောက်ပေါ့။

ကားပေါ်မှာ ခရီးသည် ၅၀ ကျော်ရှိမည်။ အဆင်းအတက်နှင့် ဆိုလျှင် ၇၀ ကျော်နိုင်သည်။ ထားပါ။ ၅၀၊ တစ်ကျပ်လမ်းပဲစီးစီး၊ ငါးကျပ်လမ်းပဲစီးစီး၊ တစ်ယောက်ကို ငါးမူးပိုယူမည်။ လူ ၅၀ ငွေအစိတ်၊ တံတားဖြတ်ခ အမှန်ဆောင်ရသည်က ၁၀။ တယ်လည်း ဟုတ်ပါလား။ တံတားခွန် ဆောင်လိုက်ရမှ ကားပိုင်ရှင်အဖို့ အမြတ်တိုးလာသည်။

အောင်သော်သည် ခရီးသည်ဘက်က ပြန်စဉ်းစားကြည့်မိပြန် သည်။ ငါးကျပ်လမ်းသွားတဲ့ လူအဖို့ကတော့ ငါးမူး ဈေးတက်သွား တာ သိပ်မသိသာ၊ တစ်ကျပ်လမ်းသွားတဲ့လူအဖို့ ငါးမူး ဈေးတက်သွား သည် ဆိုတာကတော့ ထက်ဝက်ခေါက်ချိုး။

တပ်ရင်း ၃ ရှေ့မှာ ကားရပ်တုန်းက အောင်သော် သတိထားမိ လိုက်သည်။ စစ်တပ်ရှေ့တည့်တည့်မှာ အစိုးရအထက်တန်းကျောင်း ကလေးတစ်ကျောင်း၊ လှက လှပါဘိသနဲ့။

mgyoe.com

mgyoe.com SAMPLE BOOK


ကျောင်းအဆောက်အအုံပုံစံကတော့ ရိုးရိုးပါပဲ။ တန်းလျားရှည်။ အစွန်းတစ်ဖက်မှ ရှေ့ဘက် ထိုးထွက်နေသည့် အဆောင်တစ်ဆောင်နှင့်။

သို့သော် ကျောင်းသည် ကွင်းစပ်၌ တည်၏။ လယ်ကွင်းသည် တစ်မျှော်တစ်ခေါ်။

နွေမို့ ရိုးပြတ်များဖြင့် ညိုဝါနေသည်။ မိုးတွင်းဆို ကွင်းပြင်စိမ်းစိမ်း ရေစိမ်းစိမ်းဖြင့် မည်မျှ ရှုချင့်စဖွယ် ဖြစ်မည်နည်း။

ကျောင်းဝင်းက ကျယ်သည်။ ချောင်းရိုးတစ်လျှောက် ယူကလစ်ပင်များ တန်းစီစိုက်ထားသည်။ မားမားမတ်မတ် စည်စည်ဝေဝေ။ ကျောင်းအဝင်လမ်းမှာ ကဗွီးပင်ပေါက်ကလေးများ နောင် ၁၀ နှစ်ဆိုလျှင် ထီးတည်းမားမား ဖြစ်ရောမည်။

သည်ကျောင်းကလေးမျိုးမှာ အောင်သော်တို့ စာသင်ခဲ့ရလျှင် ပျော်စရာကောင်းလှမည်။ ဆက်လက်တွေးမိသည်။ သည်နေရာအထိ ၁၃ အနီ ဘတ်စ်ကား ပြေးဆွဲပေးသည်တဲ့။ တစ်နာရီ တစ်ခေါက် ဆိုလား။

သည်ကျောင်းကလေးမှာ စာလာသင်တဲ့ ဆရာ ဆရာမများသည် ထို ၁၃ အနီ ဘတ်စ်ကားကို အားပြုရမည်ထင်၏။ ခုတော့ ၁၃ အနီလည်း တံတားကျော်ခကြောင့် ပြေးမပေးတော့တဲ့။

ခုတော့ ကျောင်းပိတ်ရက်မို့ ခြောက်သွေ့နေသည်။

⁕

mgyoe.com

mgyoe.com
SAMPLE BOOK


# [၅]

"သုံးခွ ဘယ်နားဆင်းမလဲ အစ်ကို"

ကားဆရာက မေးသည်။

"ဆေးခန်း"

အောင်သော် ဖြေသည်။

ကားရပ်ပြီ။ ကားပေါ်က ဆင်းသည်မှာ အောင်သော် တစ်ယောက်တည်း။

ရွှေဝါရောင်အမည်ရှိ ချက်ပလက်ခေါင်းတို ဘတ်စ်ကားကြီးသည် စပယ်ယာ၏ လက်ခေါက်မှုတ်သံနှင့်အတူ ညည်းညည်းညူညူ ထွက်သွားပြီ။ ကားလမ်းမပေါ်တွင် အောင်သော် ကျန်ရစ်၏။

နောက်ကို ပြန်ကြည့်သည်။ ဖြောင့်ဖြူးနေသော ကတ္တရာလမ်း၊ စီတန်းနေသော ဓာတ်တိုင်များ၊ ကြေးနန်းတိုင်များ။ ကုက္ကိုပင်ပျိုသည် လေ၌ယိမ်းနေ၏။

ဆေးခန်း ဘယ်မှာလဲဟု မေးစရာမလို။ အနီရောင် ကြက်ခြေခတ် ဆိုင်းဘုတ်ကလေးကို လမ်းဘေးမှာ ထင်ထင်ရှားရှား တွေ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သည်ရွာမှာ ကြက်ခြေနီဆိုင်းဘုတ်သည် တစ်ခုတည်း။

ဆေးခန်းရှိရာသို့ လှမ်းခဲ့သည်။

ကြခတ်ဝါး စည်းရိုးကလေးနှင့် ကုန်းမို့မို့လမ်းကလေးကို ဖြတ်ရသည်။ ပြီးတော့ သစ်သားတံတား သေးသေးလေး။

သည်နေရာမှာ မိုးတွင်းကျလျှင် ရေဝင်မည်မှာ သေချာလှ၏။

တနင်္ဂနွေနေ့ ဆေးခန်းပိတ်သည်။

ဆေးခန်းဝ၌ ကတ်ထူစက္ကူဖြူကလေး တစ်ချပ်ပေါ်တွင် စာရေးကပ်ထားသည်။ ဒုက္ခပဲ။ အောင်သော် ဘာလုပ်ရမှန်းမသိ။

အစကတည်းက စဉ်းစားမိဖို့ အကောင်းသား။ တနင်္ဂနွေနေ့ဆို ဆေးခန်းပိတ်မှာပေါ့လို့။ သို့သော် အောင်ခင့်စကားအရ တနင်္ဂနွေလည်း ဆေးခန်းဖွင့်တာပဲ။ အဲသည်နေ့ လေးထောင့်ကန်မှာ ဆေးခန်းပိတ်တော့ သုံးခွကို လူနာတွေ လာတတ်ကြသတဲ့။

အောင်သော်သည် ဆေးခန်းဆောင်းမှ ကပ်၍ ဆေးခန်းနောက်ဘက်ရှိ အိမ်တစ်အိမ်ဆီသို့ ဝင်ခဲ့၏။ မေးတော့ ကြည့်ဦးမှ။

အိမ်ရှေ့မှာ နွားများ ချည်ထားသည်။ အမျိုးသမီးတစ်ယောက်က ကလေးနို့တိုက်ရင်း အောင်သော့်ကို စူးစမ်းကြည့်၏။

အောင်သော့်ပုံစံက မျက်မှန်နှင့်၊ အပေါ်အင်္ကျီနှင့်၊ ပလေကတ်လုံချည်နှင့် နည်းနည်းတော့ သပ်ရပ်သည်။

ထို့ကြောင့်ပင် ထင်ရဲ့၊ အမျိုးသမီးက သက်ကာကင်းစွာနှင့် ဖိတ်မန္တကပြု၏။

“ထိုင်ပါရှင်”

ဖျာတစ်ချပ်ယူ၍ အိမ်ရှေ့ကပြင်တွင် ခင်းပေးရင်း ပြောသည်။

အောင်သော်က...

“ကျွန်တော် ဒေါက်တာရွှေစိုးနဲ့ တွေ့ချင်လို့ပါ။ သူ ဒီနေ့ လာပါ့

mgyoe.com

mgyoe.com SAMPLE BOOK


မလား"

"ဩော်... ဆရာလား၊ လာလိမ့်မယ်ထင်တယ်။ ဒီနေ့ လူနာတစ်ယောက် လာကြည့်ရမယ်။ မနေ့ကတည်းက လာပင့်တာလေ။ ဒီနေ့ ချိန်းလိုက်တယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီကပဲ ခဏလာစောင့်ပါရစေ"

ကပြင်ပေါ် တက်ထိုင်ရန် ခွင့်တောင်း၏။

"ထိုင်ပါရှင်၊ ရပါတယ်"

အောင်သော် ကပြင်တွင် တက်ထိုင်သည်။

ခေါင်းရင်းဘက်၌ ရေအိုးစင်ရှိသည်။ တစ်အိုးတည်းမဟုတ်၊ သုံးအိုး တန်းစီထားသည်။ ရေတစ်ခွက်လောက်တော့ အမောပြေ သောက်လိုက်ချင်သည်။

"ရေသောက်မယ်နော်"

"ရပါတယ်ဆရာ၊ ဟဲ့ အငယ်ကောင် ရေနွေးအိုးယူခဲ့စမ်း"

အိမ်ရှင်အမျိုးသမီးက ပျူငှာစွာပင် ဧည့်ဝတ်ပြု၏။

ဘေးဘက်သို့ ကြည့်သည်။

ရွာမို့ တစ်အိမ်နှင့်တစ်အိမ် ကပ်လျက်မဟုတ်။ တစ်ဝင်းတည်း ကဲ့သို့ပင်ဖြစ်နေသော တစ်ဖက်ခြမ်း၌ ခြေတံရှည်အိမ်တစ်လုံး တွေ့ရသည်။ မိန်းကလေးတစ်ယောက်က ပြူခနဲထွက်လာပြီး လှစ်ခနဲ ကြည့်သွား၏။

အောင်သော့်ကို အကဲခတ်လိုက်ခြင်းဖြစ်သည်။

အောင်သော်လည်း ဖြုတ်ခနဲ အကဲခတ်လိုက်မိပါသည်။

အသားဖြူ၏၊ မျက်နှာဝိုင်း၏၊ မျက်ခုံးထူ၏၊ ကိုယ်လုံးကိုယ်ထည် သန်မာတောင့်တင်း၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ခဏာကလေး ကြည့်လိုက်ရသည်မို့ လှ၊ မလှတော့ မရိပ်မိ။

အောင်သော့်မျက်စိကလည်း အဝေး သိပ်မကောင်း၊ နည်းနည်းမှုန်သည်။ အောင်သော် စာအုပ်တစ်အုပ် ထုတ်၍ဖတ်၏။ အပျင်းပြေဖတ်ရန် ထည့်လာသော ဂျာနယ်တစ်စောင်ပါပဲ။

အောင်သော့်ရှေ့ကို ရေနွေးကြမ်းဗန်း လာချပေးသည်။ ချာတိတ်တစ်ယောက်ပဲ။ အသက် ၁၂ နှစ်လောက်ရှိမည်။ ဘောင်းဘီတိုနှင့် အင်္ကျီဗလာ။ အောင်သော့်ကို ချာတိတ်က နည်းနည်းစူးစမ်းကြည့်သည်။ ပြီးတော့ ကပြင်ပေါ်မှ ခုန်ချ၍ သွားဆော့နေသည်။

အိမ်ရှေ့တွင်ရှိသော နွားနှစ်ကောင်သည် စားခွက်ထဲမှ ကောက်ရိုးများကို မြုံ့နေ၏။

"ဆရာက အောင်ဇမ္ဗူနဲ့ပဲ လာတယ်"

အိမ်ရှင်အမျိုးသမီးက စကားအဆက်အစပ်မရှိဘဲ ပြော၏။ အောင်သော် သိပ်နားမရှင်း။

"ခင်ဗျာ"

"သြော်... အောင်ဇမ္ဗူကားနဲ့ အမြဲလာတယ်လို့ ပြောတာပါ။ အောင်ဇမ္ဗူက ဒီကို ၈ နာရီလောက်မှ ရောက်တယ်"

"သြော်... သြော်... ဟုတ်ကဲ့၊ ကျွန်တော် စောင့်ပါ့မယ်"

ထိုစဉ်တွင်ပင် ဘောလုံးကန်အင်္ကျီ အနီရောင်ဝတ်ထားသော လူတစ်ယောက် ရောက်လာ၏။ အိမ်ရှင်ဖြစ်ဟန်တူသည်။

"ဆရာနဲ့ တွေ့ချင်လို့တဲ့"

အိမ်ရှင်မက ပြောသည်။

"ဟုတ်ကဲ့... ဆရာ လာမှာပါ။ ခဏစောင့်ပေါ့။ ဒီနေ့ လူနာတစ်ယောက် သွားကြည့်ရမယ်။ သရက်ပင်ချောင်မှာ"

"ကျွန်တော့်နာမည် အောင်သော်ပါ၊ ဆရာဝန်ပါပဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဟုတ်လား၊ ဒီမှာ ဆေးခန်းလာဖွင့်ဖို့လား"

"ကျွန်တော် စဉ်းစားတုန်းပါပဲ။ ဆရာကိုရွှေစိုးနဲ့ တွေ့ပြီးမှ ဆုံးဖြတ်ရမှာပါ"

"ဆရာကတော့ ပြောင်းတော့မယ် ပြောနေတယ်။ ကျွန်တော်တို့လည်း ဆရာ့ကို သံယောဇဉ်ဖြစ်နေပြီ။ လူသစ်ရောက်လာရင် အသစ်ဆက်ဆံရမှာမဟုတ်လား။ ဆရာနဲ့ကတော့ ဆွေတွေမျိုးတွေလို ဖြစ်နေပြီ"

ပွင့်လင်းစွာ ပြော၏။

အောင်သော် သဘောကျမိသည်။ သူတို့သည် တစ်စုံတစ်ရာကို လျှို့ဝှက်ထိမ်ချန်ပြီး စကားလှအောင် ပြောလေ့ရှိမည်မဟုတ်။ ခုကြည့်လေ။ အောင်သော်က သူတို့ဆီလာပြီး ဆေးခန်းဖွင့်ဖို့ စဉ်းစားနေကြောင်း၊ ဒေါက်တာရွှေစိုးနှင့်တွေ့ပြီး တိုင်ပင်ဦးမည်ဖြစ်ကြောင်း စကားလုံးများ လှလှပပဆို၏။ ထိုလူကတော့ ရှင်းရှင်း တဲ့တိုးပြောသည်။

သူတို့ ဒေါက်တာရွှေစိုးကို ဆွေရင်းမျိုးချာလို ခင်မင်နေကြပြီ။ နောက်ဆရာဝန်တစ်ယောက် ရောက်လာလျှင် အသစ်ထပ်ပေါင်းရမည်။ စိတ်ရင်းလည်း မသိနိုင်သေး။ သုံးသည့် စကားလုံးကပင် လူသစ်တဲ့။

"နောင်ကြီးနာမည်တောင် မသိရသေးဘူး။ ဒီကပဲမဟုတ်လား"

"ဟုတ်တယ်၊ ဒါ ကျွန်တော့်အိမ်ပါ၊ ကျွန်တော့်နာမည် ဖိုးအောင်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်"

"အင်း"

အောင်သော် စကားအသုံးအနှုန်းက သိပ်ပြီး လိုက်လှဲမှုမရှိ။

ဥရောပ ပဋိသန္ဓာရစကားမှ ရွေ့လျောဆင်းသက်လာသော အသုံးအနှုန်း မဟုတ်ပါလား။ ဂလက်ဒ်တူဆီးယူးကို မြန်မာလို တိုက်ရိုက်

mgyoe.com

mgyoe.com SAMPLE BOOK



ပြန်ပစ်လိုက်တာ။

ကိုဖိုးအောင်၏ အသုံးအနှုန်းကတော့ ရှင်းသည်။ အင်းတဲ့။ အောင်သော် နည်းနည်းတော့ လိပ်ပြာရှက်သွားသည်။

"ဆေးလိပ်သောက်ပါ"

ဆေးပေါ့လိပ် တည်သည်။

အောင်သော် ဆေးပေါ့လိပ် သိပ်မကြိုက်။ မကြိုက်ဆိုတာထက် သိပ်မသောက်တတ်ဆိုလျှင် ပိုမှန်မည်။ စီးကရက်ပင် တစ်ခါတစ်ရံမှ ခဲတတ်သည်။ အိမ်ရှင်မက ထန်းလျက်ခဲပန်းကန် လာချပေးသည်။

ထန်းလျက်ခဲတစ်ခဲယူ၍ မြုံ့နေလိုက်သည်။

ရေကျက်အေး ငှက်ပျောဖူးပုလင်း နှစ်ပုလင်းထဲတွင် ထန်းလျက်ခဲ ရှစ်လုံးနှင့် ဆား ဇွန်းဝက်ထည့်၍ဖျော်ပြီး ကလေးများ ဝမ်းလျှောလျှင် တိုက်နိုင်ကြောင်း ရေးထားသော ကလေးကုသမားတော်ကြီး ဦးတင်ဦး၏ ဆောင်းပါးတစ်ပုဒ်ကို အမှတ်ရသည်။ ဓာတ်ဆားရည်အစား သုံး၍ ရနိုင်သတဲ့။

ကျောင်းသင်ခန်းစာမှာတုန်းကတော့ လက်တင်အခေါ်အဝေါ်တွေနှင့်မို့ ထန်းလျက်ခဲအကြောင်း သိပ်မသိခဲ့။

အောင်သော် ပြုံးမိသည်။

"ထမင်းစားပြီး ထန်းလျက်ကျွေး၊ ကလေး အစာကြေတယ်"

သူ ငယ်ငယ်တုန်းက သူ့အဘိုးပြောဖူးသည်ကို အမှတ်ရ၏။

ကိုဖိုးအောင်လည်း ခဏတစ်ဖြုတ်ထိုင်ပြီး ဆေးပေါ့လိပ်ဖွာနေရာမှ...

"ကိုင်း ဆရာ ,စောင့်ပေဦး၊ ကျွန်တော် အလုပ်ကလေး နည်းနည်းရှိလို့" ဟု ပြောပြောဆင်းဆင်း ကပြင်မှဆင်း၏။

"ဟုတ်ကဲ့ ရပါတယ်၊ ကျေးဇူးတင်ပါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK



ကိုဖိုးအောင် ဘာအလုပ်သွားလုပ်သည်ဟု လိုက်မကြည့်တော့ပါ။

အောင်သော် ကားလမ်းဘက် ကြည့်လိုက်သည်။

ခြံစည်းရိုးများတွင် အပွင့်ဖြူပြာပြာကလေးများ တွေ့ရသည်။ အပွင့်များက ထွား၏။

အောင်သော်သည် မိမိနှင့် တစ်ခါမျှ ရင်းနှီးကျွမ်းဝင်မှု မရှိသေးသော အိမ်ပေါ်၌ အချိန်ကြာမြင့်စွာ ထိုင်နေရမည်ကို အားနာလာ၏။

အိမ်ရှင်မသည် ကလေးကို ပုခက်ထဲ ထည့်နေ၏။ အိပ်ချင်သည် ဖြစ်စေ၊ မအိပ်ချင်သည်ဖြစ်စေ ဤကလေးသည် ပုခက်အတွင်း၌ နာရီဝက် တစ်နာရီတော့ နေနေရပေလိမ့်မည်။

အိမ်ရှင်မ နောက်ဖေးဘက် ထွက်သွားသည်။ တစ်စုံတစ်ခုသော အိမ်မှုကိစ္စကို လုပ်လိမ့်မည်ဟု ယူဆရသည်။

အောင်သော်က...

"ကျွန်တော် ဟိုဘက်ခဏ လျှောက်ကြည့်လိုက်ဦးမယ်နော် အစ်မ"

ဟု ပြောသည်။

အိမ်ရှင်မအမျိုးသမီးက...

"ဟုတ်ကဲ့"

ဒါပဲ အဖြေပေးသည်။ အခြားလောကွတ်စကားများ မပြော။ ထိုင်ပါဦး ဆရာရဲ့၊ ဒီမှာ ထိုင်စောင့်လို့လည်း ရပါတယ်။ အားနာစရာ မရှိပါဘူး။ ထန်းလျက် သုံးဆောင်ပါဦး။ ရေနွေးလည်း သောက်ပါဦး ဘာညာ ဘာမှမရှိ။ ကားလမ်းမဘက် ပြန်ထွက်ခဲ့သည်။

လမ်းသည် ရှင်းနေ၏။ လမ်းဘေးခြံစည်းရိုးများတွင် အဖြူရောင်၊ ပြာရော်ရော်ပန်းပွင့်ကလေးများ လှပစွာ ပွင့်လျက်။

စည်းရိုးတစ်ခုမှ ပန်းပွင့်ကလေးကို သွားခူးမည် ကြံမိသေးသည်။ သို့သော် သူတို့ ကြိုက်မှ ကြိုက်ပါ့မလားဟု ဘေးဘီကို ကြည့်

mgyoe.com

mgyoe.com SAMPLE BOOK


သည်။ အဘိုးကြီးတစ်ယောက်သည် သူ့မြေးငယ်ဟု ယူဆရသော ကလေးတစ်ယောက်ကိုချီရင်း အောင်သော်၏တူရူသို့ လျှောက်လာသည်။

"ဘကြီး၊ ဒါ ဘာပန်းခေါ်လဲ"

အဘိုးကြီးက နည်းနည်းပြုံးသည်။

"တောင်ကန်စွန်း ခေါ်တယ်။ ပန်းရယ်မဟုတ်ပါဘူး။ ဒီလိုပဲ ပွင့်တာပဲ။ စည်းရိုးအတွက်စိုက်တာ"

"ကျွန်တော် တစ်ပွင့်လောက် ခူးမယ်နော်"

"ခူးပေါ့ကွာ၊ ဘာမှ သုံးမရပါဘူး။ အရွက်ကိုတော့ တချို့ စားကြတယ်ကွ။ ဝမ်းသွားတယ် ပြောတာပဲ။ တို့တော့ မစားဘူး။ စည်းရိုးအတွက်ပဲ စိုက်တာ"

"ဟုတ်ကဲ့"

အောင်သော် ပန်းကလေးတစ်ပွင့်ကို ခူးလိုက်သည်။

ပန်းက နည်းနည်းထွားသည်။ သာမန်ပန်းကလေးများနှင့် မတူ။ အလယ်မှာ ပြာနှမ်းသောအဆင်းရှိသည်။ တကယ်ပြာသလားဆိုတော့လည်း မပြာ။ ပွင့်ဖတ်များက အဖြူတွေ၊ တကယ်ဖြူသလားဆိုတော့လည်း မဖြူ။

တောပန်းကလေးတစ်ပွင့်ကို စ၍ခူးမိပြီဟု သူ့ကိုယ်သူ သတိမထားမိသေး။

✧

ရွာ၏ အရှေ့စွန်ဘက်ဆီသို့ ကတ္တရာလမ်းမအတိုင်း လျှောက်ခဲ့သည်။

ရွာထိပ်မှာ တံတားကလေးတစ်ခု။ တံတားအောက်မှာ ရေက

mgyoe.com

mgyoe.com
SAMPLE BOOK


မရှိတရှိ။ ဟိုစပ်စပ် သည်စပ်စပ်သာ ရေရှိသော ရိုးကလေးဖြစ်၏။ နွေဆိုတော့ ရေခန်းနေပြီ။ မိုးကာလဆိုလျှင်တော့ သည်ရိုးက ရေလျှံပေလိမ့်မည်။

တောင်ဘက်မှာ လယ်ကွင်းပြင်ကြီး တပြန့်တပြူး။

ရိုးပြတ်များက ကျိုးကျဲရိုးရဲ။ ဟိုးအဝေးကြီးမှာ သစ်ပင်အုပ်စုကလေး တွေ့ရ၏။ ရွာတစ်ရွာ ဖြစ်လိမ့်မည်။

ရိုး၏တစ်ဖက် ခပ်လှမ်းလှမ်းတွင် ယိုင်နေသော တဲတန်းလျားကို တွေ့ရသည်။ ခြေတံရှည်တဲများ။

တဲများ၏ ခြေတံတို့သည် ရေကြောင့်လား၊ လေကြောင့်လား၊ ဒါမှမဟုတ် အချိန်ကြာလို့လားတော့ မသိ၊ တစ်တိုင်မျှ မတ်မတ်မရှိ။ အားလုံး ယိုင်နေကြသည်။ မြောက်ဘက်ကို ကြည့်လိုက်သည်။ လယ်ကွင်းကြားမှ ရထားတစ်စီး ဖြတ်သွားသည်ကို တွေ့ရ၏။ ကြည်နူးဖွယ်ကောင်းသလို။

ကလေးတချို့က ရေစပ်စပ်တွင် ငါးပက်နေသည်။ သို့မဟုတ် ပုစွန်ဖမ်းနေခြင်း ဖြစ်မည်။ အောင်သော် ထိုကိစ္စများကို ရေရေရာရာမသိ၊ တစ်ခုပဲ သိသည်။ ရေထဲမှ သတ္တဝါငယ်ကလေးများကို လူသတ္တဝါငယ်ကလေးများက ဖမ်းဆီးနေခြင်းပင်။

✧

နေရောင်သည် ပို၍စူးရှလာ၏။ နံနက် ၈ နာရီ ထိုးတော့မည်။

ရွာဘက်သို့ ပြန်လှည့်လာသည်။

လမ်းဘေးမှာ ကုန်စုံဆိုင်ကလေးတစ်ဆိုင် တွေ့ရသည်။ စီးကရက်တစ်လိပ်လောက်တော့ ဖွာချင်သည်။ စီးကရက်ရမလား ဝင်မေးကြည့်၏။ မရ။ ဒူးယားမရှိပါ။ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ရှိသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဟိုဘက်နားမှာ ဆိုင်တစ်ဆိုင်ရှိတယ်၊ စီးကရက် ရှိကောင်းရှိမယ် တဲ့"

သောက်မနေတော့ပါဘူးဟု ဆုံးဖြတ်ပြီး ဆက်လျှောက်ခဲ့၏။

မုန့်ဟင်းခါးဆိုင်ကလေးတစ်ဆိုင် တွေ့သည်။

ဗိုက်ထဲ နည်းနည်းဟာလာသဖြင့် စားမည်ဟု စိတ်ကူးပြီး ဝင်ထိုင် သည်။

"မုန့်ဟင်းခါးတစ်ပွဲလောက်"

"ကုန်ပြီတော်ရေ့"

ကုန်ပြီဆိုမှ ဗိုက်ထဲက ပိုဆာလာသလိုပဲ။ လမ်းမပေါ် ပြန်တက် ခဲ့၏။ ဟောဟိုမှာ ဘတ်စ်ကားကြီးတစ်စီး လာနေပြီ။ လမ်းဘေးမှာ ရပ်စောင့်နေလိုက်၏။ ကားက တအိအိလိမ့်လာပြီး အောင်သော်နှင့် ဓာတ်တိုင်တစ်တိုင်ကွာလောက်မှာ ရပ်၏။ ခရီးသည်တစ်ယောက်သာ ဆင်း၏။ လှမ်းကြည့်လိုက်သည်။ ဒေါက်တာရွှေစိုးများလား။ အိတ် အမည်းဆွဲ၍ လမ်းတစ်ဖက်ကို ထွက်သွားသည်။ ဆေးခန်းဘက်သို့ မသွား။

အောင်သော် ဆေးခန်းကလေးရှိရာသို့ ပြန်လာခဲ့သည်။ အိမ်ရှင် အမျိုးသမီးက ဆီး၍ပြော၏။

"အောင်ဇမ္ဗူတော့ ဖြတ်သွားပြီ၊ ဆရာ ပါမလာဘူး။ ဒီနေ့ လာတော့မယ်မထင်ဘူး"

အောင်သော်က ကပြင်တွင် ခဏဝင်ထိုင်၍ စဉ်းစားသည်။

"ရန်ကုန်ဘက် အပြန်ကားတွေ ရှိတယ်မဟုတ်လား"

"ရှိပါတယ်... လေးထောင့်ကန်ကား၊ ပဲခူးကား၊ လှည်းကူးကား အများကြီးပဲ။ ညနေ ၃ နာရီလောက်ထိ ရတယ်"

ခဏတော့ စောင့်ကြည့်ဦးမည်။ နောက်ထပ် ကားတစ်စီးတွင်

mgyoe.com

mgyoe.com
SAMPLE BOOK


ဒေါက်တာရွှေစိုး ပါကောင်းပါလာလိမ့်မည် ထင်ရ၏။

✧

နံနက် ၁၀ နာရီခွဲပြီးပြီ။

ကိုဖိုးအောင်က ပြော၏။

“ဒီနေ့တော့ ဆရာ လာတော့မယ် မဟုတ်ဘူး”

အောင်သော် နောက်နေ့မှ ပြန်လာရန် ဆုံးဖြတ်လိုက်၏။ မေ့သွားသည်။ အောင်ခင့်ကို ဒေါက်တာရွှေစိုး၏လိပ်စာ အတိအကျ မေးခဲ့ရကောင်းသား။ ရန်ကုန်မှာပင် လိုက်ရှာ၍ရနိုင်သည်။ မထူးတော့ပြီ။ နက်ဖြန်မှ လာစောင့်ဦးမည်။ ပြန်ထွက်ခဲ့၏။ လမ်းဘေးမှ မိုင်အရေအတွက် အမှတ်အသားတိုင်ကို ဖတ်မိ၏။ ၁၆/၅။ ဩော်... ရန်ကုန်နှင့် ၁၆ မိုင်ကျော် ဝေးနေပါပေါ့လား။

ဘတ်စ်ကား စောင့်နေရမည့်အတူတူ ရှေ့ဆက်လျှောက်ရင်း ဟိုဟိုသည်သည် ကြည့်သွားချင်စိတ် ပေါက်လာ၏။ အောင်သော့အဖို့ လယ်ကွင်းပြင်သည် အမြဲမြင်တွေ့နေနိုင်သော အရာမဟုတ်။ တစ်ခါတစ်ရံဆို တကယ့်တစ်ခါတစ်ရံမှ တွေ့ရမြင်ရနိုင်သော မြင်ကွင်းဖြစ်သည်။

စိုက်ပျိုးရေးဌာနက ဖွင့်ထားသော စိုက်ပျိုးမွေးမြူရေး ခြံငယ်တစ်ခုကို တွေ့ရ၏။ ဘာတွေစိုက်၍ ဘာတွေမွေးသည်တော့ အောင်သော် မသိ။ နေရာကလေးကိုတော့ သဘောကျမိသည်။ ကွင်းစပ်မှာ တဲတန်းလျားရှည်တစ်တဲ။ သပ်ရပ်သော ဝါးထရံကာနှင့် အပေါ်ပိုင်းက ဝါးရာဇမတ်ကွက် ကာထားသည်။

တဲတန်းလျားနောက်တွင် အမှုထမ်း၊ အရာထမ်း နေထိုင်မည်ဟု ထင်ရသော အိမ်တစ်လုံး တွေ့ရသည်။ အဲသည်အိမ်နောက်ဘက်မှာက

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်မျှော်တစ်ခေါ် ကွင်းပြင်။ မိုးအခါကျလျှင်တော့ သည်နေရာမှာ ရေတွေ ဝင်နေပေလိမ့်မည်။ ခုကတည်းက တဲနေရာတစ်ဝိုက်ကို မြေတွေ ဖို့ထား၏။ ဝင်ရာလမ်းကိုလည်း မြေဖို့ထားသည်။ ရှေ့နားမှာ အုတ် ခေါင်းတိုင်တစ်ခု တွေ့ရ၏။ ကတ္တရာလမ်းက အသာကလေး တစ်ဝေ့ ဆစ်၍ ချိုးသွားသည်။ အုတ်ခေါင်းတိုင်ရှိသည့်နေရာသည် ဆန်စက် ဖြစ်နိုင်၏။

နည်းနည်း လှမ်းမိသောအခါ မောလာ၏။ နေ့ ၁၁ နာရီ ထိုးပြီ။ အောင်သော့အဖို့ နေပူထဲ ကွင်းခေါင်ခေါင်နေရာမျိုး၌ ထီးတည်း လမ်း လျှောက်ဖူးသည် မရှိ။ ကျောင်းသားဘဝ နောက်ဆုံးနှစ် အပိုင်း (က) တုန်းကတော့ ကျေးရွာအရောက် ကွင်းဆင်းရသည့်အခါ သူငယ်ချင်း များ၊ ဆရာများနှင့်မို့ ပင်ပန်းလို့ ပင်ပန်းမှန်း မသိခဲ့။ ပျော်ပင် ပျော်ခဲ့ သည်။

ပြီးတော့ အဲဒီတုန်းက ဆုံးဖြတ်ချက်ကလေးတစ်ခု ချခဲ့မိသေး သည်။ ကျေးလက်တွေဆင်းပြီး ဆေးကုမည်။ ဆရာဝန်ဖြစ်လျှင် စေလိုရာစေ သဘောထား၍ အလုပ်လျှောက်မည်။ ဘယ်နေရာသွားရမှ၊ ဘယ်နေရာလုပ်ရမှဟု ဦးစားပေးတွေဘာတွေ မလျှောက်။ တောတွေ လျှောက်သွား၍ ဆေးကုမည်။ သည်လိုရည်မှန်းချက်ကလေးတော့ ရှိပါ၏။

အလုပ်လျှောက်ထားတော့လည်း အဲ... ဦးစားပေးအဖြစ် ရန်ကုန် လို့ ထည့်လျှောက်လိုက်မိတာပါပဲ။ သို့သော် ရန်ကုန်ဆေးရုံကြီးတွေမှာ ရဖို့ကတော့ သိပ်မလွယ်။ နယ်။ နယ်ဆိုလျှင်လည်း ရန်ကုန်နှင့် နီးနီး နားနားဆို တော်သေးရဲ့။ ဒါမှမဟုတ် တိုင်းမြို့ကြီးတွေဆို သိပ်မဆိုး။ ဝေးလံခေါင်ဖျားဆိုလျှင်တော့ နည်းနည်းခက်သည်။

ခက်သည်ဆိုသည်က ဝေးလံခေါင်ဖျားဒေသတွေမှာ အမှုထမ်း

mgyoe.com

mgyoe.com
SAMPLE BOOK


ရတာ ခက်တာမဟုတ်ပါဘူး။ သွားရေးလာရေး ခက်သည်။ တချို့နေရာမှာဆို စားရေးသောက်ရေးလည်း ခက်မတဲ့။ နေ့တိုင်း ဈေးမရှိတဲ့နေရာ၊ ငါးရက်မှတစ်ဈေးဖွင့်တဲ့ နေရာမျိုးဆို စားရေးသောက်ရေးက နည်းနည်းကသီလင်တ ဖြစ်မည်။ သို့သော် ဆရာဝန်မို့ နယ်ခံရပ်သူရွာသားများက ပစ်ထားမည်တော့ မဟုတ်ပါ။

အခက်ဆုံးကတော့ အဲဒီဝေးလံခေါင်ဖျားကနေ ပြန်ပြောင်းဖို့။ သုံးနှစ်၊ ငါးနှစ် သွားအမှုထမ်းပြီးတော့ ဘယ်ရောက်လို့ ဘယ်ပေါက်မည်မသိ။ ငယ်တုန်းရွယ်တုန်းတော့ သွားနေလိုက်ချင်ပါသည်။ သို့သော် အရှည်သဖြင့်တော့ သိပ်ဖွဲကြီးနိုင်လိမ့်မည် မထင်။ ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ အလုပ်လျှောက်ထားဆဲကာလမှာ ဖြစ်သလိုလေး ကြည့်ပြီး ဆေးခန်း ဖွင့်စားရဦးမှာပေါ့လေ။

နဖူးက ချွေးတွေ ဒီးဒီးကျလာသဖြင့် လက်ကိုင်ပဝါကိုထုတ်၍ သုတ်ပစ်လိုက်ရသည်။ လွင်တီးခေါင် နေ့,သည် အစွမ်းပြနေပြီ။

ရှေ့မှာ လေးထောင့်ကန်ရွာကြီး ဖြစ်လိမ့်မည်။ လမ်းခွဲကလေး တစ်ခုရှိသည်။ မြေနီ ဂဝံကျောက်ခင်းလမ်း။ ကတ္တရာလမ်းကတော့ လေးထောင့်ကန်ရွာသို့ ဦးတည်သည်။ မြေနီလမ်းကတော့ ဘယ်သို့ ဦးတည်သည် မသိ။

လမ်းထိပ်မှာ မြင်းလှည်းတစ်စီး ရပ်ထားသည်။ ထမင်းဆိုင်နှင့် တူသော ဆိုင်တစ်ဆိုင်ရှိသည်။ ကတ္တရာလမ်း၏တစ်ဖက်တွင် ဈေးဆိုင်တန်းကလေး ရှိသည်။ ကျဲတိကျဲတောက်နှင့်၊ တချို့ဆိုင် တစ်ဆိုင်နှစ်ဆိုင်သာ ဖွင့်သည်။ အအေးပုလင်းများ တွေ့ရ၏။

သံပရာရည်၊ ဒါမှမဟုတ် ကြံရည်ရနိုင်လျှင် ကောင်းသား။ ဘိလပ်ရည်လို့ခေါ်သည့် ဆိုဒါနှင့် ဖောက်ထားသော အချိုရည်များတော့ သိပ်မကြိုက်။

mgyoe.com

mgyoe.com

SAMPLE BOOK


သို့သော်...

ဆိုင်ထဲဝင်လိုက်သည်။ နေက ပူလှသည့်ဖြစ်ခြင်း။

"ကြံရည် ရမလား"

"မရဘူးဆရာ၊ လီမွန် ဘာလီရှိတယ်"

"သံပရာရည်ကော"

"သံပရာဆိုဒါတော့ ရမယ်"

"လုပ်လိုက်လေ"

"မကြာပါဘူးဆရာ"

မြို့သံကလေး နည်းနည်းပေါက်လာပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။ 'လုပ်လိုက်လေ ကြာသလားလို့" ဟူသော ရန်ကုန်ထဲက စကားကို အမှတ်ရ၏။

လမ်းနီနီဆီသို့ အာရုံရောက်သွား၏။

မြင်းလှည်းတစ်စီး ခပ်သုတ်သုတ်မောင်းလာသည်ကို တွေ့လိုက်ရ၏။ မြင်းလှည်းသည် ကတ္တရာလမ်းသို့ ရောက်သောအခါ သုံးခွရွာဘက်သို့ ဦးတည်လှည့်မောင်းသွား၏။

"ဟဲ့... အယ်... ဒီကောင်မ ငါ တီးလိုက်ရ မြန်မြန်ဆိုပါမှ"

မြင်းလှည်းဆရာကြီး၏ ကြိမ်းသံကို ကြားလိုက်ရသည်။

*

mgyoe.com

mgyoe.com SAMPLE BOOK


[ ၆ ]

သံပရာဆိုဒါတစ်ပုလင်းကို တမြုံ့မြုံ့ သောက်နေလိုက်၏။ ထမင်းစားချိန်မို့ ဝမ်းတော့ ဟာနေပြီ။ သို့ရာတွင် စားချင်စိတ်လည်း ပေါ်မလာ။ အစာတစ်ခုခုတော့ ဗိုက်ထဲထည့်မှ တော်မည်ဟု စဉ်းစားမိပါသေးသည်။ သို့သော် ဘာမျှမစားချင်၊ ရင်ထဲ ပြည့်ကယ်ကယ်ဖြစ်နေသည်။ လေးထောင့်ကန်မှာတော့ ခဏနားရင်း အစာတစ်ခုခု စားလိုက်မည်ဟု စိတ်ကူးသည်။ တကယ်တော့ သူရောက်နေသောနေရာသည် လေးထောင့်ကန်ရွာကြီး၏ အစပ်ပင်။ လေးထောင့်ကန်သို့ သူ ရောက်နေပြီဖြစ်ကြောင်း အောင်သော် မသိသေး။ သူ့စိတ်ထဲမှာ လေးထောင့်ကန်နှင့် နည်းနည်းလှမ်းသေးသည် ထင်နေရ၏။

ခုတင်ကသွားသော မြင်းလှည်းသည် ကတ္တရာလမ်းပေါ်မှ တံလျှပ်ငယ်များပေါ် ဖြတ်၍ ပြန်လာနေသည်။ အောင်သော် ဂရုတစိုက်မဖြစ်မိ။

မြင်းလှည်းက လမ်းပေါ်ဖြတ်သွားရင်းမှ ရုတ်တရက်ဆိုသလို အောင်သော် ထိုင်နေသော ဆိုင်ဘက်သို့ ချိုးကွေ့လာသည်။ မြင်းလှည်းပေါ်မှ ကိုဖိုးအောင် ဆင်းလာ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဟာ... ဆရာ၊ မိမှ မိပါ့မလားလို့"

ကိုဖိုးအောင်က အောင်သော်ကို ရေးကြီးသုတ်ပျာ ပြော၏။

"ဒီမယ် သရက်ပင်ချောင်က လာပင့်တာဆရာ။ ဆရာကိုရွှေစိုးလည်း ဒီနေ့လာတော့မှာမဟုတ်ဘူး။ ရန်ကုန်ကားက ကုန်သလောက်ရှိပြီ။ လူနာကလည်း အသည်းအသန်ဖြစ်နေလို့တဲ့။ အဲဒါ ဆရာ လိုက်ကြည့်ပေးနိုင်မလား၊ လိုက်ကြည့်ပေးလိုက်ပါလား"

အောင်သော် ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ။ မိန်းကလေးတစ်ယောက်က ဝင်ပြောပြန်သည်။

"ဆရာက ဆရာဝန်ပဲမဟုတ်လား၊ ဟိုမှာ ကောင်မလေး သတိလစ်သွားလို့ နှာနှပ်ယူရတယ်။ ခုလည်း နံ့းတုံးခွေပျော့လို့ ဘာဖြစ်တယ်မသိဘူး။ မနေ့ကတော့ ဖျားတာ တုံးပဲ။ ငန်းဆေးလည်း တိုက်တယ်။ အဖျားကျဆေးလည်း တိုက်တယ်။ နှစ်ရောင်စပ်လည်း တိုက်တယ်။ ချွေးလည်းထုတ်တယ်။ ကောင်မလေးကလည်း ပေါ့ပါတယ်။ ညနေကြီးအိုက်တယ်ဆိုပြီး ရေချိုးတယ်။ အဲဒါ ခုတော့ မနက်က မေ့လဲသွားလို့။ ကျွန်မ မနေ့ကတည်းက ပြောတယ်။ ဒီကို ခေါ်လာခဲ့ပါဆိုတာ ဆရာလာမှာပဲဆိုပြီး၊ အဲလေ... ဆရာကိုရွှေစိုး လာမှာပဲဆိုပြီး စောင့်နေတာ။ ဒီနေ့တော့ မှတ်ကရော ဖြစ်သွားတာပေါ့"

"ဟာ... နင်ကလည်း သောက်ရေးထဲ သောက်စကားရှည်နေပြန်ပြီ။ ဆရာက ဆရာဝန်ပဲမဟုတ်လား။ ကိုဖိုးအောင်ပြောလို့ ကျွန်တော်တို့လိုက်လာတာ။ အဲဒါ လိုက်ကြည့်ပေးပါ"

အောင်သော် လျှပ်တစ်ပြက် စဉ်းစားရသည်။ လူနာတစ်ယောက်အရေးတကြီးဖြစ်နေသည်။ ဆရာဝန်တစ်ယောက်အနေနှင့် လိုက်ကြည့်ပေးသင့်သည်။ သို့ရာတွင် သူ့မှာ ဆေးပစ္စည်း စုံစုံလင်လင်မပါ။ လာခဲ့သည်မှာလည်း ဒေါက်တာရွှေစိုးနှင့်တွေ့ပြီး ဆေးခန်းဖွင့်ရန်ကိစ္စ တိုင်ပင်

mgyoe.com

mgyoe.com SAMPLE BOOK


ရုံမှူးသာ။

သူ့အိတ်ကလေးထဲတွင် နားကြပ်နှင့် လိုရမည်ရဆောင်ထားသော အရေးပေါ်ကု ဆေးနည်းနည်းပါးပါးတော့ ပါလာပါသည်။ သို့ရာတွင် ဆရာဝန်တစ်ယောက် ကုလက်စ လူနာကို အခြားဆရာဝန်က ဝင်၍ မကုသင့်။ လူနာ လုမကုရ။

"ခဏနေပါဦး၊ အဲဒီလူနာကို ဒေါက်တာရွှေစိုး ကုနေတာ မဟုတ်လား"

အောင်သော်က မေးလိုက်သည်။

"အရင်ကတော့ ဆရာကိုရွှေစိုး ကုဖူးတာပဲ။ ခုဟာက မနေ့က မလာဖြစ်လို့ ဒီနေ့ ဆရာ လာမယ်အောက်မေ့ပြီး စောင့်ရင်း တက်သွားတာ"

စကားက မရေလည်၊ လိုချင်သောအဖြေ မရ။

"ကျွန်တော် မေးတာက ဆရာကိုရွှေစိုး ကုလက်စလား၊ ခုဖြစ်တာ မနေ့ကမှလား၊ ဘယ်ဆရာနဲ့ ပြထားသလဲ၊ အဲဒါ မေးတာပါ"

"ဘယ်သူမှ မပြရသေးဘူး။ ဟိုဘက်ကမ်းက ဆရာလည်း မရှိဘူး။ လေးထောင့်ကန်ဆရာလည်း ဒီနေ့မလာဘူး။ ဆရာကိုရွှေစိုး လာကောင်း လာမယ်ထင်လို့ စောင့်နေတာ။ ဆေးမှူးလည်း ဒီနေ့ ရန်ကုန်သွားသတဲ့။ အဲ... ဟို... အပ်ပုန်းတစ်ယောက်တော့ မပြချင်ဘူး"

စကားရှည်စွာ ပြောတတ်သော အမျိုးသမီးက ဝင်ပြောပြသည်။

"ဟယ်... နင်ကလည်း ဘယ်က ဘာတွေ လျှောက်ပြောနေတာလဲ။ ဆရာ လိုက်ကြည့်ပေးပါ။ ခြေကြွခ ပေးပါ့မယ်။ အဲ... ဆရာက ဆရာဝန်ပါပဲနော်"

လူကြီးတစ်ယောက်က ချင့်ချင့်ချိန်ချိန် ပြောလေသည်။

ဟုတ်တော့ ဟုတ်သားပဲ။ ဒီနေ့ပဲ ရောက်လာတယ်၊ ဆရာဝန်လို့

mgyoe.com

mgyoe.com
SAMPLE BOOK


ပြောတယ်။ ဘယ်လိုလုပ်ပြီး ဆရာဝန် အတုအစစ် ခွဲခြားမလဲ။ မတော် ဆရာဝန်အတုဖြစ်နေပြီး မတော်မရော်တွေ လုပ်သွားမှ ဒုက္ခ။

အောင်သော် ပြုံး၍...

"ကျွန်တော် ဆရာဝန်အစစ်ပါပဲ။ ဆ မ လည်း ပါပါတယ်။ အဲ... ဆေးကုဖို့ ကျွန်တော့်မှာ ဆေးတွေ အစုံမပါဘူး။ ကြည့်တာကတော့ လိုက်ကြည့်ပေးပါ့မယ်"

"ကျေးဇူးပါပဲဆရာ၊ လာ သွားကြရအောင်။ ဆရာ့ဆေးအိတ် ပေး"

အောင်သော် ရယ်ချင်သွားသည်။

သူ့လက်ထဲတွင် ၁၀ လက်မလောက်သာရှိသည့် သားရေအိတ် ငယ်ကလေး တစ်လုံးပါသည်။ အဲသည်အထဲမှာ နားကြပ်ရယ်၊ ပိုက်ဆံ ရယ်၊ မှတ်ပုံတင်ရယ်၊ လိုသုံးမည်သုံး အရေးပေါ်ကုရန် ဆေးများ စုထည့် ထားသော ပလတ်စတစ် ဆေးပုလင်းရယ်။ အိတ်က ငယ်ငယ်လေး၊ ဒါကို ဆေးအိတ်ပေးပါ၊ သယ်ပေးမည်ဟု ဆိုနေ၏။ သူတို့အယူအဆ အလေ့အထမှာတော့ ဆရာဝန်ပင့်လျှင် ဆေးအိတ်ဆွဲပေးရမြဲမို့ ဆေးအိတ် တောင်းကျင့် ပါနေခြင်းသာ ဖြစ်ပါလိမ့်မည်။

အောင်သော် ပြုံး၍...

"ရပါတယ်၊ ဒါလောက်အိတ်ကလေးတော့ ကျွန်တော် နိုင်ပါတယ် ဗျာ၊ ဟဲ... ဟဲ"

မြင်းလှည်းပေါ် တက်ခဲ့၏။ မြေလမ်းနီနီပေါ် ဖြတ်မောင်းခဲ့ကြ ၏။

ကုက္ကိုပင်တချို့ကို ကျဲတောက်ကျဲတောက် တွေ့ရသည်။ အများ အားဖြင့်တော့ လယ်ကွင်းခြောက်ကြီးကို ဖြတ်နေရသည်။ မွန်းတည့်နေက ပူလှ၏။

mgyoe.com

mgyoe.com SAMPLE BOOK



တစ်နေရာမှ အမျိုးသမီးတစ်ယောက်နှင့် ယောကျ်ားကြီး တစ်ယောက် မြင်းလှည်းကို တားသည်။

"ဟော့... ကျော်ဇော ညောင်ပင်ရွာ လိုက်မလို့ကွ"

"မတင်နဲ့တော့ကွာ ကြာတယ်။ မင်းကို စင်းလုံးငှားလာတာ"

"ခင်ဗျားကလည်း တစ်မိနစ်ပေါ့ဗျ"

မြင်းလှည်းရပ်ပေး၏။ အမျိုးသမီးနှင့် အမျိုးသားကြီး တက်သည်။

"ငါ့လခွမ်း ဟိုမှာ ကောင်မလေး သေတော့မယ်"

"ဒီလောက် မဟုတ်ပါဘူး"

"သူ့အဖေက ငါ့ဆူမှာဟ"

ပြောနေတုန်းပင် မြင်းလှည်း ဆက်ထွက်ခဲ့သည်။

"ဘာဖြစ်လို့လဲ"

နောက်ထပ် တက်လာသော အမျိုးသမီးက မေးသည်။ ဈေးသည် ဖြစ်ဟန်တူသည်။ လုံးကြီးပေါက်လှ၊ အသားမည်းမည်း၊ ရွှေကြိုးကြီးနှင့်။

"မိသီတာပေါ့"

အောင်သော် ဆတ်ခနဲ ကြည့်မိသည်။ မိသီတာတဲ့။ မသီတာ တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။ မသီတာက ဆရာဝန်မပဲ။ ဒါက သရက်ပင်ချောင်ရွာက မသီတာ၊ နာမည်ချင်း တူတာပါ။

သို့သော် မသီတာဟူသောအမည်ကို ကြားရုံနှင့် အောင်သော့် ရင်ထဲ၌ နင့်တင့်တင့် ဖြစ်သွားသည်။ ဩော်... မသီတာ...။ ဒေါက်တာ မသီတာ။ အေးလေ... ခုဟာက မိသီတာဆိုတဲ့ မိန်းကလေးကို ဆေးကုဖို့ သွားနေရတာပဲဥစ္စာ။

"ဘာဖြစ်လို့လဲ"

"မနေ့ကလေ ညနေ ၃ နာရီလောက် ပြန်ရောက်တယ်။ အဲဒါ ပူလှချည့်ဆိုပြီး ရေချိုးတယ်။ ခဏနေ ဖျားရော။ ဒေါက်တာရွှေစိုးဆီ

mgyoe.com

mgyoe.com
SAMPLE BOOK


သွားပါဆိုတာ မရဘူး။ ညကျတော့ တုံးပဲ။ ဘယ်နား ဆရာသွားပင့်မလဲ။ လေးထောင့်ကန်ဆေးမှူး သွားခေါ်တော့လည်း မရှိတော့ဘူး။ မနေ့က မနက်ကတည်းက ရန်ကုန်သွားသတဲ့။ ဟို... ဆရာမကြီး ကျတော့လည်း ဆရာဝန်မှမဟုတ်တာ။ ပြီးတော့ အဲဒီဟာမကြီးက ဟိုဟာလည်း လုပ်သတဲ့။ သူက ဝမ်းဆွဲမဟုတ်လား"

"ဟာ... ဒီကောင်မ၊ နင့်လျှာဖြတ်ထားရင် ကောင်းမယ်"

"အို... ဟုတ်တာပြောတာ။ တလောဆီက မိသိန်းဖြစ်တာ သူ့ကြောင့်ပေါ့။ ဆေးထိုးတယ်တဲ့လေ.... မလာလို့တဲ့။ ပြီးတော့ ခေါင်းကိုက်ပါရော။ နောက် တစ်ကိုယ်လုံးကို လဲတော့မှ ဆရာကိုရွှေစိုးဆီ သွားရော။ အဲဒါလည်း..."

"တောက် နင့်ပါးစပ် ရွံ့နဲ့ပိတ်မှ ရတော့မှာပဲ"

"အဲဒါပေါ့ဗျ... နွားမ ရွံ့ပိတ်ဆိုတာ"

မြင်းလှည်းဆရာက ဝင်ပြောသည်။

"ဒီမှာ ဆရာဝန်ပါလာတယ်။ မင်းတို့ပါးစပ်တွေကလည်း..."

"ဩော်... ဆရာဝန်အသစ်လား၊ ဆရာကိုရွှေစိုး ပြောင်းသွားပလား"

ရွှေကြိုးကြီးနှင့် အမျိုးသမီးက ပြောသည်။

"မပြောင်းသေးပါဘူး။ ဒီနေ့ တနင်္ဂနွေနေ့၊ ဆရာ မလာဘူး။ ဒီဆရာက ဆရာကိုရွှေစိုးဆီ လာတာ။ ဆရာလည်း... အဲ"

အောင်သော် ဝင်ပြောရတော့သည်။

"ကျွန်တော်က ကိုရွှေစိုးဆီ အလည်လာတာပါ။ တနင်္ဂနွေဆိုတာလည်း မေ့နေတယ်။ ခုဟာက လူနာအရေးကြီးတယ်ဆိုလို့ လိုက်ကြည့်ပေးတာပါ"

"ကောင်းပါ့ဆရာရယ်။ ဒီလိုပဲ ကံကောင်းချင်ရင် ဇွတ်ကောင်းနေ

mgyoe.com

mgyoe.com
SAMPLE BOOK


တာ။ ဒီကောင်မလေး ကံကောင်းတယ်။ သူ့မွေးကတည်းက ဦးစိန်မြတို့ စီးပွားတက်တာပဲ”

“ဟ... မြင်းမ... တယ်လေ... ကျာပွတ်သံ မကြားတာနဲ့ အီလေး ဆွဲနေတယ်။ ငါတယ်... ဆော်လိုက်ရ”

မြင်းသည် သူ့သခင်ငေါက်သံကြားသဖြင့် နည်းနည်းပိုရုန်းလိုက်၏။

*

mgyoe.com

mgyoe.com
SAMPLE BOOK


[ ၇ ]

အိမ်က ခြေတံရှည် နှစ်ဆောင်ပြိုင် ပျဉ်ထောင်သွပ်မိုး။

ရှာမှာတော့ အတန်အသင့် ချမ်းသာသူများ ဖြစ်ပေလိမ့်မည်။

"ဆရာဝန် ပါလာတယ်ဟေ့"

ပိန်ရှည်ရှည်နှင့် လေရှည်သော အမျိုးသမီးက အော်ပြောရင်း ဆင်း၏။

အိမ်အတွင်းခန်းမှ အဘွားအိုတစ်ယောက် ထွက်လာသည်။ အိမ်ပေါ်သို့ တက်လိုက်မိသည်နှင့် ခေါင်းရင်းခန်းသို့ "ကြွပါဆရာ" ဟု ပြောကြသည်။

သူတို့က ဆေးအိတ်ကို လိုက်ရှာနေကြဟန်တူသည်။ ဆေးအိတ်က မပါ။ အမျိုးသမီးကြီးနှစ်ယောက် တီးတိုးပြောကြသည်။ အစားထိုးပင့်လာသော ဆရာဝန်ဟု သဘောပေါက်သွားဟန်တူသည်။ သူတို့မျှော်လင့်နေသည်မှာ ဒေါက်တာရွှေစိုး ဖြစ်ပေလိမ့်မည်။

ခေါင်းရင်းခန်း ဖျာပေါ်၌ထိုင်ရင်း အောင်သော် နည်းနည်း စိတ်လှုပ်ရှားလာသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


အမှန်တော့ ဆေးကုရန် ရည်ရွယ်ရင်း လုံးဝမရှိခဲ့ပါ။ သူနှင့်လည်း မဆိုင်ပါ။ သို့ရာတွင် လူနာတစ်ယောက် မူးမေ့သွားသည်။ သူ အတတ်နိုင်ဆုံး ဘာလုပ်ပေးရမလဲ။ အိတ်ထဲမှာပါသော ဆေးပြားကလေးများက ကြီးကျယ်သောဝေဒနာကို ပျောက်စေနိုင်စွမ်းမရှိ။

လူနာအခြေအနေကို မြင်ချင်လှပြီ။ အနည်းဆုံး ရှေးဦးသူနာပြုနည်းနှင့်တော့ ပြုစုပေးနိုင်ပါသည်။ သို့မဟုတ် စိတ်ဓာတ်တက်ကြွလာအောင်တော့ လုပ်ပေးနိုင်မည်။ အဒေါ်ကြီးတစ်ယောက် ရေနွေးကြမ်းအိုးလာချပေးသည်။ အောင်သော် မနေနိုင်တော့။

"လူနာကော ဒေါ်ဒေါ်"

ဟု မေးဖြစ်သည်။

"ရှိတယ်ဆရာ၊ အကျႌလဲနေလို့"

"ဪ..."

တစ်ခဏ စောင့်လိုက်ရသည်။

ဆရာဝန်ကိုပြရမည်မို့ အကျႌဟောင်းများကို လဲလှယ်နေဟန်တူသည်။

"အပြင်ခေါ်ရမလားဆရာ၊ မူးတော့ မူးနေသေးတယ်တဲ့..."

"ရပါတယ်၊ ကျွန်တော် လိုက်ကြည့်ပါ့မယ်"

အောင်သော် အိတ်မည်းကလေး အသာဆွဲပြီး ထလိုက်သည်။ အတွင်းခန်းသည် မှောင်ကြုတ်ကြုတ်။ ပြီးတော့ ပူလောင်အိုက်စပ်လှ၏။ ပြတင်းတံခါးများအားလုံး ပိတ်ထား၏။ မိန်းကလေးတစ်ယောက် အိပ်ရာထဲတွင် လှဲနေသည်။ စောင်များ ခြုံထား၏။

အောင်သော် နားကြပ်ထုတ်လိုက်၏။

လူနာလက်ဖျားကို ကိုင်ကြည့်သည်။ သွေးခုန်နှုန်း စမ်းသည်။ လက်ဖျားမှာ ချွေးကလေး စို့နေ၏။ သွေးခုန်နှုန်းကလည်း ပုံမှန်

mgyoe.com

mgyoe.com
SAMPLE BOOK


လောက်ပါပဲ။

"တံခါးတွေ ခဏဖွင့်လိုက်ပါ"

"လေစိမ်းမိမှာ စိုးလို့ပါ"

အဒေါ်ကြီးတစ်ယောက်က ပြော၏။

"ကိစ္စမရှိပါဘူး၊ သိပ်မှောင်ပြီး မွန်းကျပ်နေတော့ သူ အနေရ ခက်မှာပေါ့"

ဘေးဘက်က ပြတင်းတစ်ချပ်ကို ဟလိုက်ကြ၏။ အလင်းရောင် ဝင်လာသည်။

"စောင်တွေ လှပ်လိုက်ပါ"

အမျိုးသမီးတစ်ယောက်က...

"ချွေးအေးပတ်မှာစိုးလို့ဆရာ"

အောင်သော် စိတ်ထဲ နည်းနည်းတော့ အောင့်သည်။ သူ သိသည်။ လူနာကို နဖူးစမ်းကြည့်သည်။ အပူလျှပ်ပြီး ဖျားတာပါ။ အဖျားက မရှိသလောက်ဖြစ်နေပြီ။ သည်လို ရိုးရိုးဖျားတာကို စောင်တွေ အများကြီး ထပ်ခြုံ၊ ချွေးတွေထွက်၊ လှောင်ပိတ်နေတော့ မူးသွားတာပေါ့။ ပြီးတော့ မိန်းကလေးသည် အားလည်း နည်းဟန်ရှိသည်။

ယခု သူ ဆေးမပါဘဲနှင့် ရောဂါကုလို့ရပြီဖြစ်ကြောင်း သိနေသည်။ သို့ရာတွင် သူ့ပြောစကားကို လူနာရှင်များက အပြည့်အဝ မလိုက်နာကြသေး။ တံခါးတွေ ဖွင့်ပါဆိုတာကို ပြတင်းပေါက်ကလေး တစ်ချပ်သာ ဟထား၏။ စောင်တွေ ဖယ်လိုက်ပါဆိုတာကို ချွေးအေး ပတ်မှာစိုးလို့တဲ့။

တစ်ခုတော့ရှိပါသည်၊ သူတို့က သူတို့ ကုရင်းစွဲရှိသော ဆရာဝန် ကို ပို၍ ယုံကြည်ကြမည်မဟုတ်လား။ ယခုမှရောက်လာပြီး လမ်းကြုံလို့ ဝင်ကုပေးသော ဆရာဝန်ကိုတော့ ရုတ်တရက် အထင်မကြီးနိုင်။

mgyoe.com

mgyoe.com
SAMPLE BOOK


အောင်သော် လေးထောင့်ကန်မှာကတည်းက ငြင်းလိုက်လျှင် အကောင်းသား။ ဆေးမပါလာဘူးဆိုလျှင် ဖြစ်နိုင်သား။ သို့သော် သူက ဆရာဝန်မဟုတ်လား။ တတ်နိုင်သလောက်တော့ ကူညီကုသပေးမည်။ မတတ်နိုင်လျှင်၊ သို့တည်းမဟုတ် ဆေးရုံကို အမြန်ပို့ရန် လိုလျှင်လည်း သူ ညွှန်ကြားနိုင်သည်။ မှတ်ချက်ရေး၍ ဆေးရုံကို လွှတ်ပေးနိုင်သည်။ အနီးအနားမှာရှိသည့် ဆေးပေးခန်းကလည်း ပိတ်သည်တဲ့။ ကျန်းမာရေးမှူးလည်းမရှိ၊ ဆရာဝန်လည်း တစ်ယောက်မျှမရှိတဲ့။ သည်တော့ သူ အတတ်နိုင်ဆုံး ကူညီကုသရန် လာခဲ့ခြင်းဖြစ်သည်။

သူ့ကို ယုံကြည်ကြစေချင်သည်။ သည်နေရာမှာ မသိ နားမလည်သူများကို ဒေါသဖြစ်ရုံနှင့် မပြီး။

"စောင်သာ လှပ်လိုက်ပါဗျာ။ ခြုံချင်ရင် စောင်ပါးပါးကလေး တစ်ထည်ပဲ လွှမ်းပေးပါ။ ချွေးအေး မပတ်ပါဘူး။ ကျွန်တော် ရှိပါတယ်"

ပထမဦးဆုံး လူနာရှင်များက သူ့ကို လေးစားလာအောင် လုပ်ရသည်။ အောင်သော်သည် နားကြပ်ကို ကျကျနန တပ်လိုက်၏။ ပြီးတော့ မိန်းကလေးကို စမ်းသပ်သည်။ အဆုတ်အအေးမိသွားသလား၊ နမိုးနီးယား ဝင်နိုင်သလား။

အဆုတ်က ပုံမှန်လှုပ်ရှားနေသည်။ နှလုံး။ နှလုံးကလည်း ပုံမှန်ပင်။ သို့သော် သိပ်အားရှိပုံမရ။ နှလုံးခုန်သံသည် ဒေါင်ဒေါင်မြည် မဟုတ်။ ဒါကြောင့် မူးပြီး မေ့သွားဟန်တူသည်။ ဖျားသောကြောင့် မူးမေ့သွားခြင်းမဟုတ်။ အဖျားရှိသည်နှင့် လူနာကို လှောင်ပိတ်မွန်းကျပ်စွာ ထားခြင်းကြောင့် နှလုံးအားနည်းသူဖြစ်သဖြင့် မူးမေ့သွားခြင်းသာ ဖြစ်သည်။

"ဟိုဘက်တံခါးတွေပါ ဖွင့်လိုက်ပါဦး၊ မှောင်လို့"

နားကြပ်နှင့် စမ်းရင်းမှ ပြောသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ရေနွေးဇလုံ အနားဌ် လာချသည်။ ဘာမှသုံး၍မရ။ သို့သော် အသာကလေး နေလိုက်သည်။

"ချမ်းသလား"

မိန်းကလေးသည် ခေါင်းခါ၏။

"မောကော မောသလား"

"နည်းနည်းမောတယ်"

"မူးကော မူးသလား"

"နည်းနည်းမူးတယ်"

"ရပါတယ်၊ ခဏနေ ပျောက်မှာပါ။ အတော်ပဲ ကျွန်တော့်မှာ ပါလာတဲ့ ဆေးနဲ့ အံကိုက်ပဲ။ နို့မို့ မလွယ်ဘူး။ ကျွန်တော်က ဆေးအိတ် ပါလာတာမဟုတ်ဘူး။ လိုသုံးမည်သုံးလောက်ပဲ နည်းနည်းထည့်လာ ခဲ့တာ"

ဘီဆစ်ဆေးပြားကလေးများကို ပလတ်စတစ်ပုလင်းထဲမှ ရွေးထုတ် လိုက်၏။ ရိုးရိုးအဖျားကျဆေးလည်း ထုတ်လိုက်သည်။

ခုမှသတိရသည်။ အိတ်ကပ်ထဲမှာ မနေ့ကဝယ်လာသော ပါကာ ဗစ်ဆေးလုံး ၁၀ လုံးရှိသည်။ ဒီဆေးက ရိုးရိုးအားဆေးပါပဲ။ ဒါပေမဲ့ အရောင်က မရန်းရောင်ကလေးများ။ ဆေးအသစ်အဆန်းတစ်မျိုးဟု ထင်နိုင်ဖွယ်ရှိသည်။ ဒါနှင့်ပဲ ကုရတော့မည်။

ဆေးပြား မရန်းရောင်ကလေးများက ၁၀ လုံးတစ်ထုပ် သုံးကျပ် ရယ်။ ၁၀ လုံးစလုံး ပေးခဲ့ရကောင်းမလား၊ သို့မဟုတ် တစ်ရက်စာပဲ ပေးခဲ့ရကောင်းမလား။

အောင်သော် ဆုံးဖြတ်လိုက်သည်။ တစ်ရက်စာပဲ ပေးမည်။

နံနက်တစ်လုံး၊ ညနေတစ်လုံး၊ နောက်တစ်နေ့နံနက် တစ်လုံး။ ဘီဆစ်နှင့် အဖျားကျဆေးကိုတော့ သုံးခွက်စာ ခွဲလိုက်သည်။ မိန်းကလေး

mgyoe.com

mgyoe.com
SAMPLE BOOK


၏လက်များကို အသာကိုင်ကြည့်ပြီးနောက် 'စကား' ဖြင့်ကုသည်။

"ရိုးရိုးလေး ဖျားတာပါ။ အားနည်းလို့ မူးသွားတာ။ ဘာမှမဖြစ်ဘူး စိတ်ချ။ ဒီဆေးပြား မရန်းရောင်ကလေးကို ခုတစ်လုံး၊ ညနေတစ်လုံး၊ နက်ဖြန်မနက် တစ်လုံးသောက်၊ ဒီဆေးတွေလည်း အဲဒီအတိုင်းသောက်၊ ကောင်းသွားမယ်။ ဆရာကိုရွှေစိုးကို ထပ်ပြချင်ရင်လည်း နက်ဖြန်ခါ ပြပေါ့။ ကျွန်တော် ဆေးစာရေးပေးထားခဲ့မယ်"

မိန်းကလေးသည် ဆေးပြား မရန်းရောင်ကလေးကိုကြည့်၍ အားတက်လာဟန်တူသည်။ တကယ်တော့ လူနာအများစုသည် ဆရာဝန်က နားကြပ်ကလေးနှင့် ထောက်လိုက်သည်နှင့် တန်ရုံဝေဒနာများ သက်သာသွားကြသည် မဟုတ်ပါလား။

"ထမင်းစားရမလား ဆရာ"

မိန်းကလေးက မေးသည်။

"အို... ဖျားနေတာ ဘယ့်နှယ် ထမင်းစားရမှာလဲ။ ဒီကောင်မလေး ဇွတ်တရွတ်နဲ့"

ဘေးနားက အဘွားကြီးက ပြော၏။

"ရပါတယ်အဘွားရယ်၊ သူ အားရှိအောင် နို့လေးဘာလေး တိုက်ပါ။ တကယ်လို့ ကိုယ်မပူရင် ထမင်းစားလို့ ရပါတယ်"

တကယ်တော့ အဖျားမရှိလျှင်၊ အစာအိမ် ဘာမှမဖြစ်လျှင် ထမင်းစားသင့်သည်။ အာဟာရဖြစ်သော အစားအစာများကို စားသင့်သည်။

သို့သော် လူကြီးများလည်း စိတ်လက်ချမ်းသာအောင်...

"ဒီတစ်ညတော့ ဆန်ပြုတ်သောက်လိုက်ပေါ့။ နွားနို့လည်း သောက်လို့ရတယ်။ ဆာရင် နွားနို့သာသောက်"

အစာအိမ်နေရာကို စမ်းကြည့်ပြီးဖြစ်သည်။ ဘာမှမဖြစ်။ ဖျတ်ခနဲ သတိရသည်။ တိုက်ဖွိုက်များ ဖြစ်ချင်သလား။

mgyoe.com

mgyoe.com
SAMPLE BOOK


"ခေါင်းတွေ၊ ကိုယ်တွေလက်တွေ ကိုက်နေသလား"

ခေါင်းခါသည်။

"တုန်ချမ်း ချမ်းသလား"

ခေါင်းခါသည်။

ခုနတော့ သွေးခုန်နှုန်း စမ်းကြည့်ခဲ့သား။ ပြီးတော့ အဖျားက လည်း ပြင်းသည်မှ မဟုတ်ဘဲ။ တိုက်ဖွိုက်တော့ မဖြစ်နိုင်ဘူး။

"မနေ့ညက ထမင်းစားသေးလား"

"ဘာမှမကျွေးဘူးဆရာ၊ ဖျားတာနဲ့"

စိတ်ချရအောင် တစ်ခုထပ်မှာလိုက်သည်။

"ညနေ ဆန်ပြုတ်သောက်လို့ အဖျားပြန်တက်ရင် အဖတ် ဘာမှ မကျွေးနဲ့ပေါ့။ နို့ပဲတိုက်ပါ"

မိန်းကလေးကို ကြည့်လိုက်သည်။ လန်းလာသည် ထင်ရ၏။ တကယ်တော့ သည်မိန်းကလေး အားက နည်းနေ၊ ခရီးက ပန်းလာ၊ အပူလျှပ်၊ အစာ ဘာမှမစားရတော့ အားပိုနည်း၊ ဒီကြားထဲ လှောင်ပိတ်ပြီး စောင်အထပ်ထပ်ခြုံပေးထားတော့ မူးဝေပြီး သတိလစ်ချင်သလို ဖြစ်သွားတာလောက်ပါပဲ။

အောင်သော် ထလိုက်သည်။

"ဆရာ... ဟို"

မိန်းကလေးက တစ်စုံတစ်ခု ပြောချင်ဟန် စကားစသည်။

အောင်သော် ပြန်လှည့်ကြည့်၏။

"မုန့်ဟင်းခါးစားချင်တယ်"

အောင်သော် ပြုံးလိုက်၏။

"အဖျားပျောက်သွားရင် စားပေါ့။ ပျောက်လည်း ပျောက်သွား မှာပါ။ နက်ဖြန်ခါ ဆရာကိုရွှေစိုးနဲ့တွေ့ရင်လည်း မေးကြည့်ဦး"

mgyoe.com

mgyoe.com
SAMPLE BOOK


အောင်သော်သည် အတတ်နိုင်ဆုံး ပြုံစုကုသလိုက်သည်။ သို့ရာတွင် ကိုရွှေစိုးကို ဦးစားပေးရမည်။ ကိုရွှေစိုး၏ လူနာဟောင်းမဟုတ်လား။

သူက ဒီနေရာတစ်ဝိုက်မှာ လာပြီးဆေးကုဖို့ စိတ်ဥ်တုန်း။ ဆရာကိုရွှေစိုးကို ဒီနားကလူများ ချစ်ခင်နေကြပြီ။ သူ့ကိုလည်း တစ်ချိန်ချိန် ကျလျှင် ချစ်ခင်နိုင်ကောင်းပါရဲ့။

✧

အိမ်ရှေ့မှာ ထမင်းစားပွဲ အဆင်သင့်ပြင်ထားသည်။

ထမင်းပွဲတွေ့မှ ဝမ်းဗိုက်ထဲက တကြုတ်ကြုတ်မြည်လာ၏။ သူဆာလှပြီ”

“သုံးဆောင်ပါဦးဆရာ”

အောင်သော် သိပ်ဟန်မဆောင်နိုင်တော့ပါ။ ဆာဆာနှင့် စားပစ်လိုက်သည်။

စားပြီးတော့ “ကျေးဇူးပဲဗျာ” ဟု ပြောမိသည်။

တကယ်ပင် ကျေးဇူးတင်မိသည်။ ဆာနေတုန်း စားရသည် မဟုတ်ပါလား။ ပိန်သလောက် လေရှည်သော အမျိုးသမီးသည် အောင်သော့်အနား ရောက်လာ၏။

“ဆေးဖိုး ဘယ်လောက်ကျသလဲဆရာ”

အမျိုးသမီးဘေးနားတွင် လူနာမိန်းကလေး၏ မိခင်နှင့်တူသော အဘွားကြီးတစ်ယောက် ရှိနေသည်။ အောင်သော် စဉ်းစားရသည်။ ဆေးဖိုး ဘယ်လောက်ယူရမလဲ...။

ရှင်းတော့ ရှင်းရှင်းကလေးဖြစ်သည်။ သူ ဆေးခန်းတွေမှာ ထိုင်ဖူးသည်။ ဤကဲ့သို့သော ဖျားနာမှုလေးလောက်ကို ငါးကျပ်ယူသည်။

အကယ်၍ အိမ်အထိ လိုက်ကုရလျှင် ၁၅ ကျပ်လောက် ယူသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ခုဟာက အိမ်လိုက်ကုရသည် မှန်သော်လည်း ရန်ကုန်ဆင်ခြေဖုံးအရပ် မျိုးမဟုတ်။ ပြီးတော့ သည်အရပ်မှာ ရှိနှင့်ပြီဖြစ်သော ဒေါက်တာရွှေစိုး သည် ဤသို့သောလူနာမျိုးကို မည်မျှယူသည် သူမသိ။ ခြေကြွခ ဘယ် လောက်ယူသည်ဟူ၍လည်း မသိ။

ချက်ချင်း ဆုံးဖြတ်လိုက်သည်။

"ဆေးဖိုး မယူတော့ပါဘူးဗျာ၊ ကျွန်တော့်ကို ထမင်းကျွေးပြီးပြီပဲ။ အဲဒါ ဆေးဖိုးပဲလို့ သဘောထားလိုက်ပေါ့ဗျာ"

"မဟုတ်တာ ဆရာကလည်း ယူပါ"

၂၅ ကျပ်တန်တစ်ရွက်ကို ထိုးပေးနေသည်။

အောင်သော် ယူရန် ဝန်လေးမိသည်။ အချက်နှစ်ချက် ရှိပါသည်။

ဤအရပ်၊ ဤဒေသတွင် သူ ဆေးခန်းဖွင့်ရန် လာစုံစမ်းခြင်းမျှသာ ဖြစ်၏။ ပြီးတော့ ဆရာကိုရွှေစိုးနှင့် မတွေ့ရသေး။ ဆရာကိုရွှေစိုးက သူ့ကို ဘယ်လိုသဘောထားမည်ဟူ၍လည်း မခန့်မှန်းတတ်သေး။ လူနာ လုကုသည်ဟု ယူဆသွားလျှင် ခက်မည်။

တကယ်တော့ သူက စေတနာ့ဝန်ထမ်း ဆေးဝင်ကုပေးခြင်းသာ။

"ဒီလိုလုပ်ပါ။ ကျွန်တော်တော့ မယူဘူး။ ဆရာ ကိုရွှေစိုးနဲ့ ကျွန်တော် နက်ဖြန်ခါ တွေ့ဦးမှာပဲ။ သူနဲ့လည်း တိုင်ပင်ရဦးမယ်။ ခုဟာ က ကျွန်တော်က တစ်စုံတစ်ခု အရေးတကြီးဖြစ်နေရင် အတတ်နိုင်ဆုံး ကူညီရအောင် လိုက်လာခဲ့တာ။ ဆေးလည်း ပါတာမဟုတ်ဘူး။ ဆေးဖိုး ကလည်း ဘာမှမကျပါဘူး။ မယူပါရစေနဲ့တော့။ တကယ်လို့ နက်ဖြန်ခါ ဆရာကိုရွှေစိုးနဲ့ ဆက်ပြဖို့လိုရင်ပြပါ။ သူ ဆုံးဖြတ်ပါလိမ့်မယ်"

"မဟုတ်ပါဘူးဆရာ၊ ဆေးဖိုးမယူရင် ဆေးမလိုက်တတ်ဘူး မဟုတ်လား"

ခုမှ သတိရသွားသည်။ အချို့က ဆေးဖိုးမယူလျှင် ဆေးက မစွမ်း

mgyoe.com

mgyoe.com SAMPLE BOOK


ဟု ယူဆတုန်း ရှိသေးသည်။

အောင်သော် ပြုံးလိုက်၏။

"ကဲ... ဒါဖြင့် ဆေးဖိုးပဲယူ စတိပေါ့၊ ငါးကျပ်ပေးပါ"

ပြောပြီးမှ သတိရသည်။ ငွေနည်းလျှင် ဆေးက အဖိုးမတန်ယူဆလျှင် ယူဆနိုင်သည်။

"ဆေးကတော့ မတန်လို့ မဟုတ်ဘူးနော်။ ကျွန်တော်က အစကတည်းက ဆေးဖိုးမယူဘူး စိတ်ကူးထားတာ။ ခုဟာက စတိသဘောယူရတာ"

✧

မြင်းလှည်းဆရာကလေးသည် စီးကရက်ခဲရင်းက ပြော၏။

"ဆရာကလည်း ယူရတယ်ဗျ၊ သူတို့က ချမ်းသာတယ်"

"ကိစ္စမရှိပါဘူးဗျာ ကုသိုလ်ရတာပေါ့။ ကျွန်တော်လည်း ကူညီဖို့လိုက်လာတာဥစ္စာ"

ကိုဖိုးအောင်က ဝင်ပြောပြန်သည်။

"ခက်တယ်ဆရာရဲ့၊ တချို့က စေတနာကို နားမလည်ဘူး။ အချို့ကျတော့ အထင်သေးတတ်တယ်။ အေးလေ... ဆရာကိုရွှေစိုးနဲ့ တွေ့ဦးပေါ့။ သူလည်း ရောက်စက ဒီလိုပဲ။ နောက်တော့ အလုပ်က သင်သွားတာပေါ့ ဆရာရယ်"

ရိုးပြတ်တို့ဖြင့် ဝါကြန့်နေသော လယ်ကွင်းပြင်ကြီးကို ကြည့်မိသည်။ တစ်မျှော်တစ်ခေါ်။ ဒီနားမှာ ချမ်းသာသူတို့လည်း ရှိကြမည်၊ ဆင်းရဲသူတွေလည်း ရှိကြမည်။ သူက ဆရာဝန်။ ဆင်းရဲသား ရွေးနေ၍ မဖြစ်။ ဒီလောက်တန်တဲ့ဆေး ဒီလောက်ပဲယူရမည်။ တစ်ခုတော့ရှိသည်။ သူ အရင်က အလုပ်လုပ်ဖူးသော အရပ်ထဲတွင် ဆေးဖိုးအယူ သိပ်နည်း

mgyoe.com

mgyoe.com
SAMPLE BOOK


လျှင် ဆေးအကောင်းစားမသုံးဟု ထင်တတ်ကြသည်။

ဟုတ်ပါတယ်လေ၊ ကိုဖိုးအောင်ပြောသလို အလုပ်က သင်သွားပေးမှာပေါ့။

"မသီတာလေးကတော့ တကယ်ဖြောင့်တယ်နော် ကိုဖိုးအောင်"

မြင်းလှည်းဆရာက ပြောသည်။

"မင်းနှယ်ကွာ... တန်ရာလောက် မှန်းတာမဟုတ်ဘူး"

"ခင်ဗျားကလည်း နက်ဖြန်ခါ ကျုပ် ထီမပေါက်ဘူးလို့ ဘယ်သူပြောနိုင်လဲ"

"မင်းက ထီကော ထိုးထားလို့လား"

"တစ်ပတ် တစ်စောင်တော့ ထိုးတယ်ဗျ။ ထီပေါက်လို့ကတော့ မသီတာကို ယူမယ်ဗျို့"

အောင်သော်သည် မြင်းလှည်းဆရာကလေး၏ စကားကို သဘောကျသလို ဖြစ်သွားသည်။ ထီပေါက်လျှင် မသီတာကို ယူမယ်တဲ့...

ခုနကြည့်ခဲ့သော မိန်းကလေးနာမည်က မသီတာ။ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ အသားလတ်လတ်နှင့် ရိုးရိုးကလေး လှသူတစ်ယောက်ဖြစ်ပါသည်။ စမ်းသပ်နေစဉ်တုန်းကတော့ လူနာအဖြစ်သဘောထားနေ၍လားမသိ၊ မိန်းကလေး၏အလှကို သိပ်ဂရုမမူမိ။ ယခုပြန်စဉ်းစားကြည့်တော့ လှသားပဲ။ အေးလေ... မသီတာက လှပါတယ်။ အောင်သော့်အတွေးထဲသို့ ဒေါက်တာ မသီတာက ရောက်လာပြန်သည်။ ဒေါက်တာ မသီတာလည်း လှပါတယ်။ လူလည်း လှတယ်၊ ကံလည်း လှတယ်။

အောင်သော့်စိတ်အစဉ်သည် ရိုးပြတ်တောကိုဖြတ်ပြီး ဆေးတက္ကသိုလ်သို့ ပြန်ပြေး၏။ စိတ်သည် သိပ်ပူသောနေကို မမှု။ လျင်စွာပြေး၏။

mgyoe.com

mgyoe.com
SAMPLE BOOK


စိတ်မှာ အတိတ်မရှိ၊ အနာဂတ်မရှိ၊ ပစ္စုပ္ပန်မရှိ၊ အလျှင်နှုန်းမရှိ။

❋

mgyoe.com

mgyoe.com
SAMPLE BOOK


[ ၈ ]

ဘီအိုစီကောလိပ်ဟု ခေါ်သည့်နေရာတွင် ဆေးကျောင်းမှ သင်တန်းများ ရှိသည်။ တစ်ဖက်ခြမ်းတွင် တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန ရှိသည်။

အဲ... ပြီးတော့ ခရေလမ်း။ ခရေလမ်းဆိုတာက ကျောင်းသားတွေဘာသာ နာမည်ပေးထားတာ။ ခရေလမ်းက ဘီအိုစီကောလိပ်နှင့် တက္ကသိုလ် အားကစားကွင်းဘေးကိုဖြတ်၊ ပြီးတော့ တက္ကသိုလ်ရိပ်သာလမ်းအထိ ဖြူးဖြူးဖြောင့်ဖြောင့်။ ခရေလမ်းလို့ ခေါ်ရတာက ရှင်းရှင်းကလေးပါပဲ။ ဘီအိုစီအဆောက်အအုံ နီကြန့်ကြန့်၊ ပုပြတ်ပြတ်၊ ရှည်မျောမျောဘေးတစ်လျှောက်တွင် ခရေပင်တန်းရှိ၏။ ခရေပွင့်တွေ ကြွေကြသည်။

ဟိုအရင်တုန်းကတော့ ခရေပန်းတွေကောက်၊ ခရေပွင့်တွေသီ၊ ချစ်လိုက၊ ချစ်သူကို၊ ချစ်သူဖို့။

ခုတော့ ခရေပန်းကို သိပ်မပန်ကြတော့။ အေးလေ... ပန်းပန်တဲ့ ခေလေ့ကလည်း နည်းလွန်းလှနေပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK


ခရေပန်းကို ယခုကောက်ကြသူများမှာ ချစ်သူဖို့ မဟုတ်တော့။ ရောင်းစားဖို့ ကလေးတွေ ကောက်ကြသည်၊ သီကြသည်၊ ရောင်းကြသည်။

တက္ကသိုလ် ကျောင်းသားကျောင်းသူများလည်း ခရေပန်းကလေးတွေကို ကောက်တော့ ကောက်ကြပါသည်။ ပြီးတော့ လက်ခုပ်ထဲထည့်၍ ခရေနံ့ကလေးကို ရှူသည်။ ခရေက သင်းပျံ့ပျံ့ကလေး မွှေးသည်။

✧

အောင်သော်သည် ညနေစောင်းတစ်ခုတွင် ခရေလမ်းကို တစ်ယောက်တည်း ဖြတ်ခဲ့၏။ သူငယ်ချင်းတွေက ဘီအိုစီကန်တင်းမှာ ကျန်ခဲ့ပြီ။

ဒီနေ့ အောင်သော် သွားစရာကလေး ရှိသည်။ တခြားမဟုတ်ပါ။ ဝိဇ္ဇာသိပ္ပံဘက်က သူငယ်ချင်းတစ်ယောက်နှင့် တွေ့ရန်ဖြစ်သည်။ တစ်ခါတလေတော့ အဲဒီဘက်ကို သွားရတာ ပျော်စရာကောင်းသည်။ ဟေးလားဝါးလား စကားများ ပြောရသည်မှာ အပျင်းပြေသည်။

ဆေးကျောင်းမှာလည်း ပျော်တတ်သော သူငယ်ချင်းများ ရှိပါသည်။ သို့ရာတွင် စာကို ဖိတွန်းကြရသည်။ သိပ်လစ်ချင်၍မရ။ ပြီးတော့ ဆေးကျောင်းကို ရောက်လာသောသူအများစုမှာလည်း အောင်သော်တို့လို မဟုတ်။ အောင်သော်တို့က ရိုးရိုးကြိုးစားပြီး ၁၀ တန်းကို ဂုဏ်ထူးနှင့်အောင်၊ ဆေးတက္ကသိုလ် တက်ခွင့်ရ၊ မိဘက ရှိစုမဲ့စု အနိုင်နိုင်စု၍ ဆေးကျောင်းပို့။

ဆေးတက္ကသိုလ်တက်နိုင်သူ အများစုမှာ လူကုံထံ လူချမ်းသာများဖြစ်၍ သူတို့အုပ်နှင့်သူတို့ ပျော်နေကြသည်။ အောင်သော်တို့ကတော့ တစ်မျိုး။ ကြီးကျယ်သောမျိုးရိုးမှ ဆင်းသက်သည်လည်းမဟုတ်၊ အရာရှိ

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ယောက်ရဲ့သား၊ အရာရှိဆိုပေမဲ့ ကြီးကြီးလည်းမဟုတ်၊ သေးသေးလေးလည်း မဟုတ်။

အောင်သော်လို လူတန်းစား ကျောင်းသားကျောင်းသူများတော့ရှိပါသည်။ နည်း၏။ အပေါင်းအသင်းဆိုတာကလည်း စိတ်ချင်း၊ သဘောချင်းပင်မက အခြေအနေ အဆင့်အတန်းချင်းလည်း မတိမ်းမယိမ်းမှ ပေါင်းလို့ကောင်းသည်။

ဆေးကျောင်းရောက်စမို့ အပေါင်းအသင်း သိပ်မရှိသေး။ ရှိသမျှမှာလည်း စာကြမ်းပိုး၊ စာသရဲတွေ ဖြစ်နေသည်။ ပေါးလားဝါးလား တစ်ခါတလေ လုပ်ချင်လျှင် ခက်သည်။

ဝိဇ္ဇာသိပ္ပံဘက်မှာကတော့ ငယ်သူငယ်ချင်းများရှိသည်။

သူတို့နှင့်တွေ့လျှင် စိတ်ရွှင်လန်းရသည်။

ဒါကြောင့် တစ်ခါတလေ ဝိဇ္ဇာသိပ္ပံဘက်သွားသည်။ တောင်ပြောမြောက်ပြော လျှောက်ပြောသည်။ အပျော်ပေါ့။

✧

ခရေလမ်းမှာ လူတွေ သိပ်မပြတ်တတ်။

ရှေ့တူရူမှ မိန်းကလေးတစ်ယောက် လာနေသည်။ အများအားဖြင့်တော့ မိန်းကလေးများသည် သူတို့အုပ်စုနှင့်သူတို့ အတွဲလိုက် လာကြ၏။ ခု ရှေ့မှလာနေသော မိန်းကလေးကတော့ တစ်ယောက်တည်း။

လှသည်။ ဆံပင်က တိုတိုကလေး။ ကောက်ထားသလားတော့ မဆိုနိုင်။ ကောက်ထားသည်ပဲ ဖြစ်မည်။ ထက်အောက်ဆင်တူ မိန်ညိုရောင် ပွင့်ပြောက်ကလေးများ ဝတ်ထားသည်။ လက်သည်းနီနီ၊ ခြေသည်းနီနီ၊ နှုတ်ခမ်းနီနီရဲ၊ မြင်ဖူးသလိုလို ရှိ၏။ ဟုတ်ပြီ မသိတာပဲ။

ဆေးကျောင်းမှာတော့ အလှအပစာရင်းဝင် မသိတာ။ တမြန်နေ့

mgyoe.com

mgyoe.com
SAMPLE BOOK


ကလောက်အထိ ဆံပင် မဖြတ်ရသေး။ သိပ်အရှည်ကြီး မဟုတ်သော်လည်း ကျောပေါ်ဝဲလောက်တော့ ရှည်ပြန့်ပါသည်။

ခုတော့ တိုတိုကောက်ကောက်။ နှုတ်ခမ်းနီ၊ ပါးနီ၊ မိတ်ကပ်တွေကတော့ ယခင်အတိုင်းပါပဲ။ သူ အညိုရောင် ဝတ်ခဲသည်။ သူ့ကို ကျောင်းသားအတော်များများက သိကြသည်၊ ဂရုစိုက်ကြသည်။ မသီတာ ဝတ်လိုက်လျှင် ခရမ်းရောင်၊ မရန်းရောင်၊ ပန်းရောင်၊ အပြာလွင်လွင်တို့က များ၏။ အညိုတို့၊ အစိမ်းရင့်တို့ မဝတ်စဖူး။ ပြီးတော့ တစ်ယောက်တည်းလည်း တွေ့ရခဲသည်။ အနည်းဆုံး အဖော်တစ်ယောက်တော့ ပါသည်။ ယောကျ်ားလေးအဖော်တော့ မရှိသေးဟု ထင်ရသည်။ မသီတာကို လိုက်ကပ်နေသူတွေတော့ ရှိသပေါ့။ ဒါပေမဲ့ မသီတာက ခါထုတ်လိုက်တာ များပါသည်။

မသီတာနှင့် အောင်သော်တို့က အတန်းချင်းတူသော်လည်း တန်းခွဲချင်း မတူပါ။ သည်တော့ မသီတာနှင့် မရင်းနှီးပါ။ ပြီးတော့ မသီတာနှင့် ရင်းနှီးဖို့လည်း မလွယ်ပါ။ အောင်သော်တို့ကို ရှိသည်ဟုပင် မထင်ကြောင်း သိပါသည်။ မျက်မှန်းတန်းမိရုံလောက်မျှသာ။

မသီတာအနီးသို့ ရောက်လာသောအခါ အလိုလို ခေါင်းငိုက်ပြီးသား ဖြစ်သွား၏။ မသီတာကတော့ ခပ်မှန်မှန်ပါပဲ။

တစ်ယောက်ကိုတစ်ယောက် အဖြတ်မှာ မသီတာဆီက ချွေးနံ့နည်းနည်းကို ရှူရှိုက်လိုက်မိသည်။ ဟုတ်ပါသည်။ ချွေးနံ့ပါပဲ။ ရေမွှေးနံ့ကတခြား၊ ချွေးနံ့ကတခြား။ ဒါပေမဲ့ နှုတ်ခမ်းနီနံ့ကို ချွေးနံ့ကြားထဲမှ ထုတ်၍ ရှူလိုက်မိသည်။

"ကားဂိတ်သွားမယ်မဟုတ်လား ဆရာ"

ချွေးနံ့တော့ ချွေးနံ့ပါပဲ။ မြင်းလှည်းဆရာဆီက ချွေးနံ့။ ရေမွှေးနံ့ မရှိ။ အောင်သော် မျက်စိတစ်မှိတ်စာလောက် မှင်တက်မိသွားသည်။

mgyoe.com

m.gyoe.com
SAMPLE BOOK


"အေးဗျာ... ကားဂိတ်ပဲသွားမယ်၊ ဒီအချိန် ရထားရမလား မသိဘူး"

"ကားက သေချာတယ်။ ရထားကတော့ အချိန်သိပ်မမှန်တတ်ဘူး။ ဒါပေမဲ့ ရထားဘူတာရုံနဲ့ ကားဂိတ် ဖင်ချင်းချိတ်နေတာပါ"

မြင်းလှည်းသည် ကတ္တရာလမ်းပေါ် ရောက်နေပြီ။ လေးထောင့်ကန်ရှာထဲသို့ ဝင်ခဲ့၏။ လမ်းဘေးတစ်နေရာမှာ ရပ်လိုက်သည်။ လက်ဖက်ရည်၊ ထမင်း၊ အအေး အစုံရောင်းသော ဆိုင်တစ်ဆိုင်ရှေ့ဖြစ်၏။

"ကား ဒီကိုလာမယ်ဆရာ၊ ဒီကပဲ ထွက်မှာ၊ ပဲခူးကားလာရင်လည်း ဒီမှာပဲ ရပ်တယ်"

မြင်းလှည်းပေါ်က ဆင်း၏။ အိတ်ကပ်ထဲနှိုက်ပြီး မြင်းလှည်းခပေးမည်ပြုသည်။

"ဘယ်လောက်ပေးရမလဲ"

"ဟာ... ဆရာကလည်း စင်းလုံးငှားပေးလိုက်တာ။ ဆရာ ဆေးဖိုးယူတာမှ ငါးကျပ်၊ လှည်းခက ရှစ်ကျပ်။ ဟား... ဟား တစ်ခေါက်တလေ မှောင်ခိုကူးပါတယ်၊ ရှာဖွေရေးနဲ့တွေ့ ဆိုတာလို ဖြစ်နေဦးမယ်"

အောင်သော် ပြုံးပြလိုက်သည်။ သူ့ဘာသာသူလည်း နည်းနည်းရှက်သလို ဖြစ်သွား၏။ ဘာကို ရှက်မိမှန်းတော့ မသိ။ ဆေးကုခငါးကျပ်တည်း ယူခဲ့ခြင်းကိုလား၊ ဒေါက်တာ မသီတာအကြောင်းကိုတွေးပြီး ငိုင်နေခဲ့မိခြင်းကိုလား။

✧

ရထားလာပြီ။ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသူတို့ ထလိုက်ကြ၏။

m.gyoe.com

mgyoe.com
SAMPLE BOOK


အောင်သော် ရထားနှင့် ပြန်ခဲ့သည်။ တွဲပေါ်ရောက်ပြီး တော်တော်ကြာအောင် စောင့်လိုက်ရသား။ မန္တလေးအမြန်ကို ဦးစားပေးပြီး စောင့်နေရခြင်းဖြစ်သည်။

လူစီးတွဲတစ်တွဲလုံး သရက်သီးတောင်းတွေနှင့် ပြည့်နေသည်။ တွဲဝတွင် လိုက်ခဲ့၏။ လယ်ကွင်းပြင်သည် ခြောက်သွေ့စွာ တရိပ်ရိပ်ပြေးပြီး ချန်နေရစ်ခဲ့သည်။

❋

mgyoe.com